ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်၊ သောကြာနေ့ (22-8-2008) (၅၇၇၈)

ဟဟုသစ္စဋ္ဌ တော ံ မင်္ဂလ မုတ္တမံ

အကြားအမြင် များခြင်းသည် မြတ်သော မင်္ဂလာမည်၏။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် ပွင့်ဖြူမြို့နယ် ကြီးအုံ-ကြီးဝ ရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပွင့်ဖြူမြို့နယ် ကြီးအုံ-ကြီးဝ ရေလှောင်တမံနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၁

မကွေးတိုင်း ပွင့်ဖြူမြို့နယ်၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်သည် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၁၈ ရက် နံနက် ၇ နာရီခွဲတွင် ပွင့်ဖြူမြို့နယ်ရှိ ကြီးအုံ-ကြီးဝ ရေလှောင်တမံ ဘက်စုံစီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ ဆည်မြောင်းဦးစီးဌာန၊ တည်ဆောက်ရေး(၃) ညွှန်ကြားရေးမှူး(အကြီးပေး) ဦးထွန်းအောင်လွင်က ကြီးအုံ-ကြီးဝ ရေလှောင်တမံ ဘက်စုံစီမံကိန်းဆိုင်ရာ အချက်အလက်များ၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကိုလည်းကောင်း၊ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၈) ညွှန်ကြားရေးမှူး ဦးတင်ဝင်းက ဗူးရွာရေလှောင်တမံစီမံကိန်း၊ အထက်ဗူးရွာရေလှောင်တမံစီမံကိန်းနှင့် မြစ်သာရေလှောင်တမံစီမံကိန်းဆိုင်ရာ အချက်အလက်များ၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်ခင်ဇော်က ဆည်တမံများကို စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်သွားကြရန်၊ သတ်မှတ်ကာလထက် ဆောလျင်စွာ ပြီးစီးနိုင်ရေးအတွက် အားထုတ်ကြိုးပမ်းကြရန် မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပညာရှင်များအား သစ်သီးခြင်းကို လက်ဆောင်အဖြစ် ပေးအပ်ပြီး စီမံကိန်းလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြီးအုံ-ကြီးဝ ရေလှောင်တမံ ဘက်စုံစီမံကိန်းသည် မကွေးတိုင်း မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ဝန်လိုကျေးရွာအနီး မုန်းချောင်းပေါ်၌ တည်ရှိပြီး ဆည်ရေပေးဝေနိုင်မည့် ဧရိယာမှာ ၉၆၇၇၇ ဧကဖြစ်၍ ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မှုမှာ ၇၄ မဂ္ဂါဝပ်ဖြစ်ကာ ဩဂုတ် ၂၀ ရက်အထိ စီမံကိန်းလုပ်ငန်းစုစုပေါင်း၏ ၆၃ ရာခိုင်နှုန်း ပြီးစီးလျက်ရှိကြောင်း သိရှိရသည်။

ကြီးအုံ-ကြီးဝ ရေလှောင်တမံ၊ မုန်းချောင်းရေလှောင်တမံ၊ ဗူးရွာနှင့် အထက်ဗူးရွာ ရေလှောင်တမံစီမံကိန်း အစုအဖွဲ့များ **စာမျက်နှာ ၅ ကော်လံ ၁ သို့** ❒

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပျူခေတ်၏ ပီသုကာလက်ရာများ လူ့အသုံးအဆောင်များ တူးဖော်တွေ့ရှိ

နေပြည်တော် ဩဂုတ် ၂၁

ယဉ်ကျေးမှုဝန်ကြီးဌာနသည် မြန်မာနိုင်ငံအနှံ့အပြားရှိ ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာ ရှေးဟောင်းဒေသများကို စဉ်ဆက်မပြတ် ဖော်ထုတ်သုတေသနပြုပြီး မြန်မာတို့၏ ယဉ်ကျေးမှုအဆင့်ဆင့် ထွန်းကားခဲ့ပုံနှင့် ပျူလူမျိုးတို့၏ ယဉ်ကျေးမှုအထောက်အထားများ အဆင့်အတန်းမြင့်မားပုံတို့ကို ရှာဖွေဖော်ထုတ်လျက်ရှိရာ ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ ၂၀၀၇-၂၀၀၈ ခု ဘဏ္ဍာရေးနှစ်တွင် ပျူယဉ်ကျေးမှုဒေသဖြစ်သည့် သရေခေတ္တရာ မြို့ဟောင်းရှိ ကုန်းအမှတ်(၃၉)၊ (၄၀)၊ (၄၁)နှင့် (၄၂)တို့ကို တူးဖော်သုတေသနပြုခဲ့သည်။

ကုန်းအမှတ်(၃၉)သည် ဘုရားမာစေတီတော်ကြီး၏ အောက်ခြေပစ္စယာကို စမ်းသပ်တူးဖော်ခြင်းဖြစ်ပြီး **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❁

ကြေးမုံ The Mirror

ယနေ့ ဆောင်းပါးအညွှန်း

ကမ္ဘောဇ ခင်လှိုင်၏

"တောကိုနင်း တောင်ကို ချဉ်း၍ အလင်းလာ ပေးကြသူများ"

(ဆောင်းပါး) စာမျက်နှာ-၆

၂၀၀၈ ပေကျင်း အိုလံပစ်ပြိုင်ပွဲသတင်း

ပေကျင်း အိုလံပစ်အားကစားပွဲတော် ပြိုင်ပွဲရလဒ်များ

(သတင်း) စာမျက်နှာ-၉

အတည်ပြုချိန် ၂း၅၀

ကြေးမုံ The Mirror
၂၂-၈-၂၀၀၈
(သောကြာနေ့)

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သဘာဝအခြေခံ ခရီးသွားလုပ်ငန်းမြှင့်တင် ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းကြိုးပမ်း

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းသည် နိုင်ငံတကာတွင် အောင်မြင်မှုရရှိနေသော စီးပွားရေးလုပ်ငန်းတစ်ရပ် ဖြစ်သည်။

ကမ္ဘာလှည့်ခရီးသည် အများစုသည် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများရှိ အနုပညာလက်ရာမြောက် အဆောက်အအုံများ၊ ရှေးဟောင်းပစ္စည်းများကို စိတ်ပါဝင်စားလေ့လာကြသည်။ ထို့အပြင် သဘာဝတောတောင် ရှုခင်းမြင်ကွင်းများ၊ သားငှက်တိရစ္ဆာန်များ တည်ရှိရာ သဘာဝအခြေခံ ဒေသများကိုလည်း စိတ်ဝင်တစားလာရောက်လေ့လာကြသည်။

မြန်မာနိုင်ငံအတွင်း၌ ရေမြေသဘာဝအတိုင်း မပျက်မယွင်း တည်ရှိနေသော နေရာများစွာရှိရာ သဘာဝအခြေခံ ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးလာရေး ကြိုးပမ်းကြရမည်ဖြစ်သည်။ ဇီဝမျိုးစုံမျိုးကွဲများရှိသည့် အင်းတော်ကြီးအိုင် ဘေးမဲ့တော၊ အင်းလေးကန်ဘေးမဲ့တော၊ မိုးယွန်းကြီးအင်းဘေးမဲ့တော၊ ရွှေစက်တော်ဘေးမဲ့တော၊ မိန်းမလှကျွန်း ဘေးမဲ့တော၊ ဟူးကောင်းချိုင့်ဝှမ်း ကျားထိန်းသိမ်းရေးနယ်မြေ၊ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ် စသည်တို့တွင် ကမ္ဘာလှည့်ခရီးသည်များ လာရောက် လေ့လာလျက်ရှိသည်။

ကချင်ပြည်နယ် ပူတာအိုဒေသတွင် အရှေ့တောင် အာရှဒေသ၌ မြန်မာတစ်နိုင်ငံတည်း၌သာရှိသည့် ရေခဲဖုံးတောင်တန်း များရှိသည်။ အဆိုပါဒေသသည် ရေခဲဖုံးတောင်တန်းများကြောင့် ကမ္ဘာလှည့်ခရီးသည်များအကြား ရေပန်းစားလျက်ရှိရာ နှင်းလျှောစီး စခန်းအပါအဝင် နိုင်ငံတကာအဆင့်မီ အပန်းဖြေစခန်းများ တည်ဆောက်ခြင်း၊ ရေခဲတောင်နှင့်အနီးဆုံးနေရာအထိ ကားလမ်းများ ဖောက်လုပ်ခြင်းတို့ဖြင့် ခရီးသည်များ ပိုမိုလာရောက်နိုင်ကြမည်ဖြစ်သည်။

ပဲခူးတိုင်း(အရှေ့)တောင်ငူ သစ်ထုတ်လုပ်ရေးဒေသရှိ ဖိုးကျားတောင်ခြေ ဆင်စခန်းသည် လွန်ခဲ့သော နှစ် ၂၀ ခန့်မှစ၍ သစ်ထုတ်လုပ်ငန်း အခြေစိုက်စခန်းအဖြစ် တည်ရှိခဲ့၍ ကြိုးဝိုင်းသစ်တောများနှင့် သဘာဝပတ်ဝန်းကျင် အလှအပများကို လေ့လာခံစားနိုင်သည်။ ထို့အပြင် ဆင်များအား လေ့ကျင့်ပေးလျက်ရှိရာ ဆင်စီးခြင်း၊ ဆင်အကြောင်းအရာစုံနှင့် ချောင်းကမ်းဘေးရှိ ဆင်ဦးစီးကျေးရွာများ၊ ဆင်စခန်းပတ်ဝန်းကျင်ရှိ ဇီဝမျိုးစုံ မျိုးကွဲများကိုလည်း လေ့လာကြည့်ရှုနိုင်ကြမည်ဖြစ်သည်။

ခရီးသွားလုပ်ငန်း မြှင့်တင်ရေးဆိုင်ရာ တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များက ကမ္ဘာလှည့်ခရီးသည်များ စိတ်ချမ်းမြေ့စွာ အလွယ်တကူဆက်သွယ်သွားလာ တည်းခိုနိုင်ရေး၊ ခရီးသွားဝန်ဆောင်မှုပိုင်းဆိုင်ရာများ အဆင့်မြင့်ပြည့်စုံစေရေး ဝိုင်းဝန်းကြိုးပမ်းဖြည့်ဆည်း ဆောင်ရွက်ကြခြင်းဖြင့် သဘာဝအခြေခံခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်ပါသည်။ ။

ငါးဖမ်းစက်လှေ တည်ဆောက်မှု ကျွမ်းကျင်သူများ ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၁

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ပြည်နယ်နှင့်တိုင်းများမှ ငါးဖမ်းစက်လှေ တည်ဆောက်မှု ကျွမ်းကျင်သူများအား ဂုဏ်ပြုပွဲကို ဩဂုတ် ၁၉ ရက် ညပိုင်းတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမဆောင်၌ ကျင်းပရာ အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဌေးမြင့်တို့က ဂုဏ်ပြုအမှာစကား ပြောကြားကြသည်။

ထို့နောက် တက်ရောက်လာကြသော ပြည်နယ်နှင့်တိုင်းများမှ ငါးဖမ်းစက်လှေ တည်ဆောက်မှု ကျွမ်းကျင်သူများအား ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်အေးတို့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြပြီး မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဌေးမြင့်က ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တက်ရောက်လာသူများကိုယ်စား ငါးဖမ်းစက်လှေ တည်ဆောက်မှု ကျွမ်းကျင်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း ပြည်နယ်နှင့်တိုင်းများမှ ငါးဖမ်းစက်လှေ တည်ဆောက်မှု ကျွမ်းကျင်သူများအား ဂုဏ်ပြုပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ပြည်နယ်နှင့်တိုင်းများမှ လှေတည်ဆောက်မှု ကျွမ်းကျင်သူများအားဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်ထံ လေဘေးသင့်ပြည်သူများ အတွက် Power Engineering Institute မှ သူငယ်ချင်းတစ်စုကလှေသုံးစင်းအတွက် ငွေကျပ်ခြောက်သိန်း ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

လေဘေးသင့်ပြည်သူများအတွက် ခြင်ဆေးခွေနှင့် လှေသုံးစင်းအတွက် ငွေလှူဒါန်း

ရန်ကုန် ဩဂုတ် ၂၁

လေဘေးသင့် ပြည်သူများအတွက် စေတနာရှင်၊ အလှူရှင်များက နေ့စဉ်လှူဒါန်းလျက်ရှိရာ ဩဂုတ် ၂၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီအနီး မီးသတ်ဦးစီးဌာန (ရုံးချုပ်)ရှိ မေခလာခန်းမသို့ အလှူရှင် ဦးရဲလင်း (မန်နေဂျင်းဒါရိုက်တာ- ဂေါ်ဇီလာခြင်ဆေးစက်ရုံ)က ငွေကျပ် ၂၈သိန်းတန်ဖိုးရှိ ခြင်ဆေးခွေအထုပ် ၈၀၀၀ နှင့် အလှူရှင် ဗိုလ်ကြီး ဇာနည်ထွန်း၊ ဗိုလ်ကြီးသန်းဝင်းအောင်၊ ဗိုလ်ကြီး သူရိန်ရဲထွန်း၊ ဗိုလ်ကြီးဇော်မိုးနှင့် ညီအစ်ကို သူငယ်ချင်းများက လှေသုံးစင်းအတွက် ငွေကျပ်ခြောက်သိန်း တို့ကို ပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်း ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဥပဒေပညာဌာန ကျောင်းသားဟောင်းများ အာစရိယပူဇော်ရေးညှိနှိုင်း

ရန်ကုန် ဩဂုတ် ၂၁

ရန်ကုန် တက္ကသိုလ် ဥပဒေပညာဌာန ၁၉၈၂မှ ၁၉၈၈(၉၁) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေး ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၇ရက်က မြေနီကုန်း မဟာဌာနီကဖေးနှင့် စားသောက်ဆိုင်၌ ကျင်းပသည်။

အခမ်းအနားတွင်ဥက္ကဋ္ဌ ဦးဘတင့်ဆွေနှင့် အထွေထွေအတွင်းရေးမှူး ဦးခင်မောင်မြင့်တို့ ပါဝင်သော အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းပြီး ဒေါ်တင်တင်ဝါ၊ ဒေါ်မင်းမင်းကျော်၊ ဒေါ်ကျော့မြခင်၊ဒေါက်တာတင်ဌေးအိ၊ ဒေါ်မေထွန်းထွန်းအေးနှင့် ဒေါ်နှင်းနှင်းအေး၊ ဦးခင်မောင်စိုးနှင့် ဦးထိန်လင်းဦးတို့က အခမ်းအနား ကျင်းပရေးနှင့် ဧည့်ခံကျွေးမွေးရေးလုပ်ငန်းများကို ဆွေးနွေးညှိနှိုင်းကြသည်။ တတိယအကြိမ် ဥပဒေပညာဌာန ကျောင်းသားဟောင်းများ၏အာစရိယပူဇော်ပွဲကို ၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၂၈ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(၆၇)

အရဟတ်ဆွမ်းလောင်းလှူ သီလပေးတရားချီးမြှင့်မည်

ရန်ကုန် ဩဂုတ် ၂၁

ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၅၀)ရပ်ကွက် သာသနာ့ရောင်ခြည် ဓမ္မဗိမာန်တော်ကြီး၌ ဝါတွင်းသုံးလပတ်လုံး ကျောင်းတိုက်ကြီး ၁၀ တိုက်တို့မှ သံဃာတော်အရှင်သူမြတ် ၂၂၂ ပါးတို့အား တနင်္ဂနွေနေ့တိုင်း အရဟတ်ဆွမ်းလောင်းလှူကြမည်ဖြစ်ပြီး ဥပုသ်နေ့တိုင်း နံနက် ၁၀ နာရီတွင် သီလပေးတရားသဘင်ကျင်းပမည်ဖြစ်၍ လှူဒါန်းလိုသူများ ဦးဟုတ်ငွေ ဖုန်း- ၀၉-၅၁၁၈၀၃၅ ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

အလှူငွေပေးအပ်

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေး စေတီတော်မြတ်ကြီး၏ ထီးတော်သစ်ကြီး တင်လှူပူဇော်ရန်အတွက် ဦးကြည်ဝင်းအား ရည်စူး၍ မရမ်းကုန်းမြို့နယ် (၈)ရပ်ကွက် တရုတ်ကျောင်းလမ်းနေ ဇနီးဒေါ်အမာနှင့် သားသမီးမြေး တစ်စု တို့က အလှူငွေကျပ် ၁၅၀၀၀၀ လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များ လက်ခံယူစဉ်။ (ကြေးမုံ)

ဖျာပုံမြို့နယ်မှ ထူးချွန်ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့် ကျောင်းနေရန်ခက်ခဲသော ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ငွေပေးအပ်

ရန်ကုန် ဩဂုတ် ၂၁

ဧရာဝတီတိုင်း ဖျာပုံမြို့နယ်၌ ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲနှင့် ကျောင်းနေရန်ခက်ခဲသော ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉နာရီတွင် ဖျာပုံမြို့ရှိ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်တက်ရောက်၍ ဆုများချီးမြှင့်သည်။

အစီအစဉ်အရအမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသူလေးများက“မြန်မာ့ကျောင်း” သီချင်းဖြင့် သီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ဝန်ကြီးဗိုလ်ချုပ်စိုးနိုင်က နှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။

ဆုများချီးမြှင့်

ထို့နောက် ဝန်ကြီးက ဖျာပုံမြို့နယ်အတွင်း၂၀၀၈ခုနှစ်တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အောင်ချက် အကောင်းဆုံးကျောင်းဆုရ ဖျာပုံမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၊ မြန်မာစာဂုဏ်ထူးရရှိစေရန်သင်ကြားပေးသောဆရာမဂုဏ်ပြုဆုနှင့်ခြောက်ဘာသာဂုဏ်ထူးရရှိသူတို့အား ဆုများချီးမြှင့်သည်။ **(ယာပုံ)**

ဆက်လက်၍ တာဝန်ရှိသူများနှင့် ဒေသခံအလှူရှင်များက အောင်ချက်ကောင်း စာသင်ကျောင်းဆုများ၊ ဆရာ ဆရာမသင်ကြားမှု ထူးချွန်ဆုနှင့် ဘာသာရပ်အလိုက် ဂုဏ်ထူးရထူးချွန်ဆု ရရှိသူများအား ဂုဏ်ပြုဆုနှင့် မှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဝန်ကြီးက ဒေသတွင်း၌ ကျောင်းနေရန် အခက်အခဲရှိသော ကျောင်းသား ကျောင်းသူများအတွက် ထောက်ပံ့ငွေများကိုပေးအပ်ရာမြို့နယ်ပညာရေးမှူးက လက်ခံသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဖျာပုံမြို့ အမှတ်(၅) အခြေခံပညာ မူလတန်းကျောင်း ဆောက်လုပ်ရန် ရန်ကုန်မြို့နေ ဦးအောင်ဇော်မြင့်နှင့် ဇနီး အဂ္ဂမဟာသိရီသုဓမ္မသိင်္ဂီ ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင် မိသားစုက ငွေကျပ်သိန်း၁၀၀၊ ဆရာ၊ဆရာမများအတွက် ဂုဏ်ပြုရန် ယုဇနကုမ္ပဏီလီမိတက် ဥက္ကဋ္ဌအဂ္ဂမဟာသိရီသုဓမ္မမဏိဇောတဓရ ဦးဌေးမြင့်က ငွေကျပ် ၂၃သိန်းကို အလှူရှင်ကိုယ်စား ယုဇနဆောက်လုပ်ရေးအဖွဲ့မှ ဦးလှဝင်းကလည်းကောင်း၊ ဖျာပုံမြို့နယ် ဆန်ကုန်သည်ကြီးများအသင်းက ငွေကျပ်နှစ်သိန်း၊ ပင်လယ်ကျားပိုက် လုပ်ငန်းရှင်များအသင်းက ငွေကျပ်တစ်သိန်းတို့ကို သက်ဆိုင်ရာအလှူရှင်များကလည်းကောင်းပေးအပ်လှူဒါန်းရာ ဝန်ကြီးက လက်ခံသည်။

ထို့နောက် တာဝန်ရှိသူတို့က ငွေကျပ်တစ်သိန်း အလှူရှင်နှင့်ငွေကျပ်ငါးသောင်း အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံကြသည်။

ယင်းနောက် ဒေသခံအလှူရှင်များကိုယ်စား ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်၊ ထူးချွန်ဆုရ ကျောင်းသားကျောင်းသူများကိုယ်စားခြောက်ဘာသာဂုဏ်ထူးရှင် မအိအိမြတ်နှင့် ဆရာ၊ ဆရာမများ ကိုယ်စား မြို့နယ်ပညာရေးမှူး ဒေါ်သန်းနွဲ့စိန်တို့က ကျေးဇူးတင်စကားပြောကြားကာ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းသား ကျောင်းသူလေးများက ဇာတိမာန်သီချင်းဖြင့် သီဆို ဉ္စော်ခံ၍ အခမ်းအနားကို ရုပ်သိမ်းသည်။

ဖျာပုံမြို့နယ် အနေဖြင့် ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင်ခြောက်ဘာသာဂုဏ်ထူးတစ်ဦး၊ ငါးဘာသာဂုဏ်ထူးသုံးဦး၊ လေးဘာသာ ဂုဏ်ထူးလေးဦး၊ သုံးဘာသာဂုဏ်ထူးနှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူး ၁၂ဦးနှင့် တစ်ဘာသာဂုဏ်ထူး ၇၉ ဦး စုစုပေါင်း ၁၀၁ ဦး ရရှိကြပြီး ဖျာပုံမြို့နယ်မှ ကျောင်းနေရန်ခက်ခဲသော ကျောင်းသား ကျောင်းသူ ၃၄၉ ဦးအတွက် အထက်တန်း၊အလယ်တန်းကျောင်းသား တစ်ဦးလျှင်ငွေကျပ် တစ်သောင်းနှုန်း၊ မူလတန်း ကျောင်းသား တစ်ဦးလျှင် ငွေကျပ် ၇၅၀၀ နှုန်းဖြင့် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မော်လမြိုင်ကျွန်းမြို့နယ် ရပ်ကွက်/ကျေးရွာ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၁

၂၀၀၈ ခုနှစ် မော်လမြိုင်ကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ရပ်ကွက်/ကျေးရွာ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ဩဂုတ်၁၇ ရက်တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ရာမည အားကစားပြိုင်ကွင်း၌ ကျင်းပရာဖက်တန်းရပ်ကွက်ဘောလုံးအသင်းက ငန်းတေးကျေးရွာ ဘောလုံးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်စွဲသွားသည်။

ထို့နောက် ဆုပေးပွဲကို ကျင်းပရာ မော်လမြိုင်ကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးငွေရကာ ဒုတိယ ဆုရ ငန်းတေးကျေးရွာ ဘောလုံးအသင်း၊ မော်လမြိုင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးလွင်မိုးက ပထမ ဆုရ ဖက်တန်းရပ်ကွက် ဘောလုံးအသင်း၊ မော်လမြိုင်ကျွန်းမြို့နယ်ဘောလုံးဆပ်ကော်မတီဝင် ဦးလှမြင့်က အကောင်းဆုံး ဘောလုံးသမားဆုရ ဘောလုံးသမားများ၊ မော်လမြိုင်မြို့နယ် ခေတ္တမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲအုပ် ကျော်ဆွေက ဒုတိယဆုရ ငန်းတေးကျေးရွာဘောလုံးအသင်းအား ငွေသားဆုနှင့် မော်လမြိုင်ကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်းက ပထမနှင့် တံခွန်စိုက်ဆုရ ဖက်တန်း ရပ်ကွက် ဘောလုံးအသင်းတို့အား ဆုများကို ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ **(ဝဲပုံ)**

(သတင်းစဉ်)

(၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

ရန်ကုန်တိုင်း သာကေတမြို့နယ် ဇီနမာရ်အောင်စေတီတော်ဝတ္တကမြေအတွင်းရှိ ဧတဒဂ်ရ ရဟန္တာတန်ဆောင်း အခန်းတစ်ခန်းနှင့် အအေးခံ ကျောက်ပြားအတွက် သာကေတမြို့နယ် ၇/အနောက်ရပ်ကွက် ပတ္တမြား(၁)လမ်းနေ ဦးတူး-ဒေါ်အေးစိန်မိသားစုတို့က အလှူငွေကျပ်၁၅၀၀၀၀ ကို ဇီနမာရ်အောင်စေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးလှထွန်းနှင့် အဖွဲ့ဝင် ဦးမြမောင်တို့ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ဧရာဝတီမြစ်၊ စစ်တောင်းမြစ်နှင့် သံလွင်မြစ်ရေ အခြေအနေ

နေပြည်တော် ဩဂုတ် ၂၁

ဧရာဝတီမြစ်ရေသည် ယနေ့ နံနက် မြန်မာစံတော်ချိန် ၆ နာရီခွဲ တိုင်းထွာချက်အရ ဟင်္သာတမြို့တွင် ၁၃၃၅ စင်တီမီတာသို့ ရောက်ရှိနေပြီး အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၃၄၂ စင်တီမီတာသို့ ရောက်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၁၁နာရီခွဲ တိုင်းထွာချက်အရ တောင်ငူမြို့တွင် ၆၀၄ စင်တီမီတာသို့ ရောက်ရှိနေပြီး အဆိုပါ မြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက်၂၄နာရီအတွင်း တောင်ငူမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၆၀၀အောက် ကျဆင်းမည်ဟု ခန့်မှန်းထားသည်။

စစ်တောင်းမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၁၁နာရီခွဲ တိုင်းထွာချက်အရ မဒေါက်မြို့တွင် ၁၀၄၄ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၇၄စင်တီမီတာ (၂ဒသမ၄)ပေခန့် ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်လေးရက်အတွင်း မဒေါက်မြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၀၇၀ အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

သံလွင်မြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန်၁၁နာရီခွဲ တိုင်းထွာချက်အရ ဘားအံမြို့တွင် ၈၁၉ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၆၉စင်တီမီတာ (၂ဒသမ၃)ပေခန့် ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၇၅၀ အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ကုန်သည်စက်မှုအသင်းချုပ်နှင့် လာအိုကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ

ရန်ကုန် ဩဂုတ်၂၁

ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဝင်းအောင်၊ ဦးဇော်မင်းဝင်း၊ ဦးအောင်လွင်နှင့် ဦးသောင်းတင်၊ အထွေထွေ အတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်၊ တွဲဖက်အတွင်းရေးမှူး(၁) ဒေါက်တာမောင်မောင်လေး၊ တွဲဖက်အတွင်းရေးမှူး (၂) ဦးထွန်းအောင်နှင့် ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်များ ပါဝင်သောအဖွဲ့အား ဩဂုတ်၁၂ရက် မွန်းလွဲပိုင်းတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ Lao National Chamber of Commerce and Industry မှ ဥက္ကဋ္ဌ Mr. Kissana VONGXAY ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံ အပြန်အလှန် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်နိုင်သည့် အခွင့်အလမ်းများဆိုင်ရာကိစ္စ၊ ကုန်သွယ်မှု တိုးမြှင့်နိုင်ရေးကိစ္စ၊ သစ်အခြေခံ ကုန်ပစ္စည်းများ ထုတ်လုပ်တင်ပို့မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မော်တော်ဆိုင်ကယ်ဖြင့် ရေတင်ခြင်းလုပ်ငန်းသရုပ်ပြပွဲ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၁

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် ဩဂုတ် ၁၉ ရက် နံနက် ၈ နာရီတွင် နေပြည်တော်ပျဉ်းမနားမြို့နယ် ကျောက်ချက်ကျေးရွာ ကွင်းအမှတ်(၁၆၀၉)ရှိ တောင်သူ ဒေါ်ခင်သန်းမော်၏ လယ်မြေ၌ ကျင်းပသော မော်တော်ဆိုင်ကယ်ဖြင့် ရေတင်ခြင်း လက်တွေ့သရုပ်ပြပွဲနှင့် မျိုးစပါးချွေတာနည်းဖြင့် စမ်းသပ်စိုက်ပျိုးထားသည့် စပါးခင်းကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ တိုင်းမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံ တောင်သူများသည် မော်တော်ဆိုင်ကယ်ဖြင့် ရေမြောင်းအတွင်းမှ ရေများစုပ်ယူ၍ မြေဆွေးပြုလုပ်မည့်နေရာသို့ ရေပက်ဖျန်းနေမှုကို ကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးက အလွယ်တကူရေတင်နိုင်သော လုပ်ငန်းဖြစ်၍ တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိအောင် ဆောင်ရွက်ရေး မှာကြားသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် ပြသထားသော စိုက်ပျိုးရေးလုပ်ငန်းသုံး ပိုးသတ်ဆေးများ၊ ဒေသစပါးမျိုးစေ့များ၊ တီကောင် စွန့်ပစ်မြေဩဇာနှင့် တီဆေးရည်၊ သဘာဝမြေဆွေး မြေဩဇာတို့ကို ကြည့်ရှုစစ်ဆေးပြီး တိုင်းမှူးက တီကောင် စွန့်ပစ်မြေဩဇာနှင့် သဘာဝမြေဆွေး မြေဩဇာများကို တောင်သူများကိုယ်တိုင် ထုတ်လုပ်သုံးစွဲရေးအတွက် တာဝန်ရှိသူများက ပံ့ပိုးကူညီဖြည့်ဆည်းပေးရန် မှာကြားသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် မျိုးစပါးချွေတာနည်းဖြင့် စမ်းသပ်စိုက်ပျိုးထားသည့် မနောသုခ စပါးခင်းကို ကြည့်ရှုစစ်ဆေးပြီး တိုင်းမှူးက သာမန်စပါးစိုက်ပျိုးမှုတွင် တစ်ဧကမျိုးစပါးနှစ်တင်း ကုန်ကျ၍ ယခုမျိုးစပါး ချွေတာသည့် နည်းစနစ်ဖြင့် စိုက်ပျိုးလျှင် တစ်ဧကမျိုးစပါးနို့ဆီဘူးသုံးဘူးသာ ကုန်ကျပြီး စပါးအထွက်နှုန်းမှာလည်း ကွာခြားမှုမရှိသဖြင့် စိုက်ပျိုးသင့်သည့် နည်းစနစ်တစ်ခုဖြစ်ကြောင်း၊ တောင်သူများအား အဆိုပါ စိုက်ပျိုးနည်းစနစ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် ဆောင်ရွက်စေရေး မှာကြားသည်။

အဆိုပါ မျိုးစပါးချွေတာနည်းဖြင့် စမ်းသပ်စိုက်ပျိုးထားသည့် လယ်မြေ ၀ ဒသမ ၆၇ ဧကတွင် စပါးတင်း ၈၃ ဒသမ ၁၈ တင်း ထွက်ရှိပြီး တစ်ဧကတွင် ၁၂၅ ဒသမ ၄၈ တင်း ထွက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ပညာရည်ထူးချွန်ဆု ချီးမြှင့်မည်

ရန်ကုန် ဩဂုတ် ၂၁

၂၀၀၇-၂၀၀၈ ခု ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်တို့၏ သားသမီး ကျောင်းသား၊ ကျောင်းသူများအားလုံးအား မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့က ပညာရည်ထူးချွန်ဆု ချီးမြှင့်ပေးမည်ဖြစ်သည်။

ဂုဏ်ထူးတစ်ဘာသာနှင့် ယင်းအထက် ဂုဏ်ထူးရရှိခဲ့ကြသည့် ကျောင်းသား၊ကျောင်းသူများ၏ အဖွဲ့ဝင် ဖခင်(သို့မဟုတ်) မိခင်အနေဖြင့် ဂုဏ်ထူးရရှိသည့် အထောက်အထား (သက်ဆိုင်ရာ ကျောင်းအုပ်ကြီး၏ ထောက်ခံချက်မူရင်း (သို့မဟုတ်) အမှတ်စာရင်းမိတ္တူ)၊ အဖွဲ့ဝင် ဖခင် (သို့မဟုတ်) မိခင်၏ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်ကတ်ပြားမိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူနှင့် သက်ဆိုင်ရာမြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ (သို့မဟုတ်) အတွင်းရေးမှူး၏ ထောက်ခံချက်တို့နှင့်အတူ စက်တင်ဘာ ၁၅ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ အမှတ်(၅၂၉) ကုန်သည်လမ်း စာပေဗိမာန်(ဒုတိယထပ်) ရန်ကုန်မြို့သို့ လျှောက်ထားပေးပို့ရန် ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော် ဩဂုတ် ၂၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြု ခန့်ထားလိုက်သည်-

အမည်	**ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူး၊ ဌာန**
(က) ဦးခင်မောင်ဆယ်	ဦးဆောင်ညွှန်ကြားရေးမှူး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဆောက်လုပ်ရေးဝန်ကြီးဌာန
(ခ) ဒေါက်တာအေးမောင်ဟန်	ပါမောက္ခချုပ် ဆေးတက္ကသိုလ်(၁)၊ ရန်ကုန် ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန

သံအမတ်ကြီး ဦးဉာဏ်လင်း ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဩဂုတ် ၂၂

အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဉာဏ်လင်းသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၀၈ ခုနှစ် ဩဂုတ် ၁၂ ရက်တွင် ဂျကာတာမြို့၌ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူစီလိုဘန်ဘန်း ယူဒိုရိုနိုထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း၏ နာယကအဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဇနီး ဒေါ်မြင့်မြင့်စိုး မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း၏ သတ္တမအကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း၏ သတ္တမအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၂၁

အာဆီယံအမျိုးသမီးများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အရှေ့တောင်အာရှဒေသအတွင်းရှိ ပြည်သူများအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန်နားလည်မှုကို မြှင့်တင်ပေးရန်နှင့် ယဉ်ကျေးမှုဖလှယ်ရေးကို တိုးတက်စေရန် ရည်ရွယ်လျက် ၂၀၀၁ ခုနှစ် ဇူလိုင် ၂၆ ရက်တွင် ဖွဲ့စည်းတည်ထောင်ခဲ့သည့် မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း (Myanmar ASEAN Women's Friendship Association - MAWFA)၏ သတ္တမအကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ယနေ့ နံနက် ၁၀နာရီတွင် မြရိပ်ညိုရှိုင်ရယ်ဟိုတယ်၌ ကျင်းပသည်။

တက်ရောက်

အဆိုပါအစည်းအဝေးသို့ နာယကအဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၏ ဇနီး ဒေါ်မြင့်မြင့်စိုးနှင့် ဒုတိယဝန်ကြီး ဦးမောင်မြင့်၏ဇနီးဒေါက်တာ ဒေါ်ခင်မြဝင်း၊ ဂုဏ်ထူးဆောင် အဖွဲ့ဝင်များဖြစ်ကြသည့် ဝန်ကြီးဌာနတို့မှ ဝန်ကြီးများ၏ ဇနီးများ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၏ ဇနီးများ၊ အာဆီယံနိုင်ငံသံရုံးများမှ သံအမတ်ကြီးများ၏ ဇနီးများနှင့် မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ၏ ချစ်ကြည်ရေးအသင်းဝင် အမျိုးသမီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း၏ နာယကအဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါ်မြင့်မြင့်စိုးက အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် အလုပ်အမှုဆောင်အဖွဲ့ ခေတ္တဥက္ကဋ္ဌ ဒေါ်သီတာညွန့်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး အလုပ်အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး၏ဇနီး Madame Dana Phany က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

အတည်ပြု

ထို့နောက် အတွင်းရေးမှူး ဒေါ်သီတာအောင်က ၂၀၀၇-၂၀၀၈ ခုနှစ် အလုပ်အမှုဆောင်အဖွဲ့ အစီရင်ခံစာကို လည်းကောင်း၊ ဘဏ္ဍာရေးမှူး ဒေါ်အေးအေးဖြူက ၂၀၀၇-၂၀၀၈ ခုနှစ် ဘဏ္ဍာရေးရှင်းတမ်းကို လည်းကောင်း အသီးသီး ဖတ်ကြားတင်သွင်းကြပြီး အတည်ပြုကြသည်။

ပေးအပ်

ဆက်လက်၍ မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်းအတွက် နိုင်ငံခြားရေးဝန်ကြီးဌာန အမျိုးသမီးများအသင်းက လှူဒါန်းငွေကျပ်နှစ်သိန်း၊ ရန်ကုန်မြို့ရှိ အာဆီယံအဖွဲ့ဝင်နိုင်ငံ သံရုံးအသီးသီးနှင့် အသင်းဂုဏ်ထူးဆောင်အဖွဲ့ဝင်များက လှူဒါန်းငွေကျပ် တစ်သိန်းစီ အပါအဝင် စုစုပေါင်း ငွေကျပ် ၁၉ သိန်းငါးသောင်းနှင့် အမေရိကန် ဒေါ်လာ ၂၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ နာယကအဖွဲ့ဝင်များဖြစ်ကြသော ဒေါ်မြင့်မြင့်စိုးနှင့် ဒေါက်တာဒေါ်ခင်မြဝင်း၊ အလုပ်အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး၏ ဇနီး Madame Dana Phany နှင့် အလုပ်အမှုဆောင်အဖွဲ့ ခေတ္တဥက္ကဋ္ဌ ဒေါ်သီတာညွန့်တို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် အလုပ်အမှုဆောင်အဖွဲ့ ခေတ္တဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၈-၂၀၀၈ (သောကြာနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"ဗုဒ္ဓဘာသာသုံးမျိုး"တရားတော် (ပွင့်ဖြူဆရာတော် ဘဒ္ဒန္တကုဿလရိယ)
၈း၁၀ - ၂း၁၀	လက်ဖက်စိုက်တဲ့ရွာကလေး
၈း၂၅ - ၂း၂၅	တေးဂီတအစီအစဉ်
၈း၃၀ - ၂း၃၀	International Video Topics (အမြွာမျှော်စင်တည်ဆောက်ခြင်း)
၉း၀၀ - ၃း၀၀	ဇီဝမြေဩဇာ၏အကျိုးပြုပုံနှင့် ထူးခြားမှုဖြစ်စဉ်များ
၉း၂၀ - ၃း၂၀	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀ - ၃း၃၀	Art Vision Nargis Tale (1) ဓာတ်ပုံပြပွဲ
၉း၄၅ - ၃း၄၅	တေးဂီတအစီအစဉ်
၉း၅၀ - ၃း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၅ - ၃း၅၅	ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့်ဆွေးနွေးခန်း)
၁၀း၁၀ - ၄း၁၀	တေးဂီတအစီအစဉ်
၁၀း၁၅ - ၄း၁၅	ယနေ့သိပ္ပံနှင့်နည်းပညာ
၁၀း၃၀ - ၄း၃၀	မိုးလေဝသခန့်မှန်းချက်
၁၀း၃၅ - ၄း၃၅	Say It In English
၁၀း၅၀ - ၄း၅၀	တေးဂီတအစီအစဉ်
၁၀း၅၅ - ၄း၅၅	လွယ်ကူသက်သာ မြန်မာ့ဟင်းလျာ (ငါးရံ့ခြောက်နှင့် မုန်လာဥချဉ်ရည်ဟင်း)
၁၁း၁၅ - ၅း၁၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၂၅ - ၅း၂၅	တေးဂီတအစီအစဉ်
၁၁း၃၀ - ၅း၃၀	တံတားမြစ်ငယ်အသစ်သွယ်လူမှုစီးပွားကြွယ်
၁၁း၄၀ - ၅း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၅ - ၅း၄၅	လေလှိုင်းမှဖြေကြားပရိသတ်များအမေးစကား
၁၂း၀၀ - ၆း၀၀	တေးဂီတအစီအစဉ်
၁၂း၀၅ - ၆း၀၅	ခံ့ထည်လှပအစဉ် ကြေးဖောင်းကြွအသွင်
၁၂း၃၀ - ၆း၃၀	Fashion Guide (အကယ်ဒမီနွဲ့နွဲ့မူ၏ တစ်ခါတုန်းကဖက်ရှင်)
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Beijing Olympic 2008 အားကစားပြိုင်ပွဲ အစီအစဉ်

ညနေ	**အကြောင်းအရာ**	**ပြသမည့်လိုင်း**
၃း၃၀	Beijing Olympic 2008 အားကစားပြိုင်ပွဲအစီအစဉ်များ	MRTV-4(Live)

❐ ရှေ့ဖုံးမှ

အကောင်အထည်ဖော် ဆောင်ရွက်ခြင်းကြောင့် လုပ်ငန်းအားလုံးပြီးစီးပါက လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၅၀ အထိ တိုးတက်ထုတ်ယူနိုင်မည်ဖြစ်သည်။

အလားတူ မြစ်သာရေလှောင်တမံစီမံကိန်းသည် ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ် ပြင်သာကျေးရွာအနီး၌ တည်ရှိပြီး ရေအားလျှပ်စစ်ဓာတ်အားမှာ မဂ္ဂါဝပ် ၄၀ ဖြစ်၍ ဆည်ရေပေးဝေနိုင်မည့် ဧရိယာမှာ ဧက ၁၂၀၀၀ ဖြစ်သည်။

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်သည် ပွင့်ဖြူမြို့နယ်ရှိ မုန်းချောင်းကြိုးတံတား ကြံ့ခိုင်မှုကိုလည်းကောင်း၊ မဲဇလီရေလွှဲဆည်မှ ရေပေးဝေမှုကိုလည်းကောင်း၊ ပွင့်ဖြူမြို့နယ် ကြူဝန်းကျေးရွာနှင့် အနောက်လေးအိမ်ကျေးရွာတို့ရှိ မိုးစပါးတိုးချဲ့မြောင်းမှ ရေပေးဝေမှုကိုလည်းကောင်း၊ တောင်သူဦးညွန့်ဝေ၏ ကွင်းအမှတ်(၉၃၅)၌ ရွှေသွယ်ရင်မျိုးစပါး စုပေါင်းစိုက်ပျိုးနေမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး မကွေးတိုင်းအတွင်း လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို မှာကြားသည်။

အဆိုပါ မဲဇလီရေလွှဲဆည်ရေဖြင့် ပွင့်ဖြူမြို့နယ်၊ မင်းဘူးမြို့နယ်နှင့် စလင်းမြို့နယ်အတွင်းရှိ ဆည်ရေသောက်ဧရိယာများ၌ မိုးစပါးနှင့် နွေစပါးများ စိုက်ပျိုးနိုင်ရေးအတွက် ရေပေးဝေလျက်ရှိသည်။

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်သည် ပွင့်ဖြူမြို့နယ် ဗိုလ်ဥတ္တမခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား တွေ့ဆုံရာ ရှေးဦးစွာ ပွင့်ဖြူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဌေးနှင့် မင်းဘူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သူရတို့က ဒေသဆိုင်ရာ အချက်အလက်များ၊ မြို့နယ်နှင့် ခရိုင်တို့၏ စိုက်ပျိုးမွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းစီမံဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ပွင့်ဖြူမြို့နယ်၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးမှုများကို တွေ့မြင်ရ၍ ကျေနပ်ဝမ်းမြောက်မိကြောင်း၊ ရေသယံဇာတပိုလျှံမှုရှိသည့်အပြင် မြေသယံဇာတပါကောင်းမွန်၍ မကွေးတိုင်း၏ ဒေသဝမ်းစာ ဖူလုံရေးအတွက် အထောက်အကူပြုနိုင်ရေး၊ ပိုမိုအားထုတ် ကြိုးပမ်းဆောင်ရွက်ကြရန်၊ ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ စက်မှုကုန်ထုတ်သီးနှံနှင့် ခြံစည်းရိုးကြက်ဆူပင်တို့ကိုလည်း အလေးထားစိုက်ပျိုးကြရန် မှာကြားလိုကြောင်း၊ ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့်လည်း ဒေသဖွံ့ဖြိုးရေးအတွက် စေတနာအပြည့်ဖြင့် ဆောင်ရွက်ကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဗိုလ်ချုပ်ခင်ဇော်သည် ပွင့်ဖြူမြို့နယ် ရွာသာကြီးလျှပ်စစ်မြစ်ရေတင်စီမံကိန်း၏ တောင်မုန်းမြောင်းမှတစ်ဆင့် ယခုနှစ် မိုးစပါးရာသီအတွင်း ဧက ၇၀၀ စိုက်ပျိုးရန် ရေပေးဝေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

အဆိုပါ ရွာသာကြီး လျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် ပွင့်ဖြူမြို့နယ် ရွာသာကြီးကျေးရွာအနီး၌ တည်ရှိပြီး ရေပင်ရင်းမှာ တောင်မုန်းမြောင်းဖြစ်၍ ရေတင်အမြင့်ပေ ၃၀ ရှိသည်။ အကျိုးပြုဧကမှာ ဧက ၇၀၀ ဖြစ်ပြီး အဆိုပါစီမံကိန်း၏ အကျိုးရလဒ်အဖြစ် လယ်မြေများ အကြားအလပ်မရှိ စိုက်ပျိုးနိုင်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ခင်ဇော်သည် ပွင့်ဖြူမြို့နယ်ရှိ စန္ဒကူးနံ့သာကျောင်းတော်ရာ စေတီတော်မြတ်ကြီးသို့ ရောက်ရှိပြီး ဖူးမြော်ကြည်ညို၍ စေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ရန် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်သည် စေတီတော်မြတ်ကြီးအား လက်ယာရစ် တစ်ပတ်လှည့်လည် ကြည်ညိုပြီး စေတီတော်ပရိဝုဏ်အတွင်း သစ်တောဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် စန္ဒကူးပျိုးဥယျာဉ်ကို ကြည့်ရှုစစ်ဆေးကာ မကွေးမြို့၌ ညအိပ်ရပ်နားသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် မင်းကျောင်းလမ်းရှိ သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ် ရိပ်သာအဆောက်အအုံ ဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်း လှိုင်မြို့နယ် (၁၆)ရပ်ကွက် ဦးအေးလမ်းသွယ်(၂)နေ ကွယ်လွန်သူ ဖခင်ကြီး ဦးတင်မြင့်အား ရည်စူး၍ မိခင်ကြီး ဒေါ်ကြည်အောင်နှင့် သား၊ သမီး၊ မြေးများက အလှူငွေကျပ် ၂၂၀၀၀၀ လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးနိုင်အောင်နှင့် အတွင်းရေးမှူး ဦးမြင့်သန်းတို့ လက်ခံယူစဉ်။ (ကြေးမုံ)

သတ္တပဗေဒကျောင်းသား၊ ကျောင်းသူဟောင်းများ ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၁

ရန်ကုန်တက္ကသိုလ် သတ္တပဗေဒကျောင်းသား၊ကျောင်းသူဟောင်းများ၏ ပဉ္စမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို စက်တင်ဘာ ၂၁ရက် (တနင်္ဂနွေနေ့)နံနက် ၇နာရီခွဲတွင်ရွှေမန်းကျောင်းဆရာတော်နှင့်သံဃာတော်များအား ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါ၍ ကပ်လှူလိုသည့် ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဆရာ ဦးကျော်ဘုန်းလင်း ဖုန်း-၂၀၃၃၀၃၊ ဆရာမ ဒေါ်တင်စိုး ဖုန်း-၃၈၅၄၅၈၊ဦးမြင့်လွင်ခိုင် ဖုန်း-၃၇၄၈၅၀၊ ဦးထွန်းဝင်း ဖုန်း-၀၉ ၅၁ ၂၉၀၅၂၊ ၅၃၉၅၁၉၊ ဦးစောဝင်း ဖုန်း-၃၉၄၈၂၄၊ ၃၉၃၀၅၁၊ ဦးစတန်လီကိုကိုကြီး ဖုန်း-၅၅၉၆၀၃၊ ဦးလှဝေ-ဒေါ်ဌေးဌေးရင် ဖုန်း-၂၉၁၂၅၅၊ ဦးဝင်းရှိန်-ဒေါ်စိုး ဖုန်း-၅၁၁၁၀၇၊ ဒေါ်မူမူခင် ဖုန်း-၅၃၄၁၃၃၊ ဦးကျော်-ဒေါ်ခင်မိုးမိုးညွန့် ဖုန်း-၅၇၇၉၄၉၊ ဦးသိန်းဝင်း ဖုန်း-၅၀၄၁၁၇၊ ဦးသိန်းထွန်း ဖုန်း-၀၉ ၉၉ ၇၁၈၃၄၊ ဦးမောင်မောင်ဦး (ဟိန်းလတ်)ဖုန်း-၀၉ ၅၁ ၅၈၅၁၂ တို့သို့ ဝါဆိုသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများကို ပါဝင်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အကောင်းဆုံးလေးပါး တရားတော် အသံလွှင့်ဟောကြားမည်

ရန်ကုန် ဩဂုတ် ၂၁

၁၃၇၀ ပြည့်နှစ် ဝါခေါင်လပြည့်ကျော် ၈ ရက် ဩဂုတ် ၂၄ ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် မြန်မာ့အသံ မြန်မာပိုင်းအစီအစဉ်မှ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့-အဖွဲ့ဝင် ကချင်ပြည်နယ် မိုးညှင်းမြို့ ဇေယျာသုခ ဝါဆိုကျောင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ စန္ဒိမာက "အကောင်းဆုံးလေးပါး တရားတော်"ကို အသံလွှင့်ဟောကြားတော်မူမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျောင်းကျန်းမာရေး ရက်သတ္တပတ် အာဟာရကျွေး၊ ကျောင်းသုံးစာအုပ်လှူ

ရန်ကုန် ဩဂုတ် ၂၁

အင်းစိန် အလက (၁) ကျောင်းအကျိုးတော်ဆောင်အဖွဲ့က ကြီးမှူး၍ ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများအား အာဟာရဖြစ်စေရန် နံနက်ပိုင်း ဆန်ပြုတ်နှင့် မွန်းလွဲပိုင်း ပဲကုလားဟင်း၊ ငံပြာရည်ချက်တို့ဖြင့် ထမင်းကျွေးမွေး၍ ချို့တဲ့ကျောင်းသား ၁၀၀ အတွက် ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်ပွဲကို ဩဂုတ် ၁၅ရက်က အဆိုပါကျောင်း၌ ကျင်းပရာ ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ရုံးခန်း၌ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးဩဂုတ်စတင်း၊ ရပ်ကွက် ဥက္ကဋ္ဌ ဦးမြင့်ဦး၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ နာယကဦးစိုးဝင်း(စဉ့်ကူစိုးဝင်း)တို့က ကျောင်းအုပ်ဆရာမကြီးကိုယ်စား တာဝန်ခံဆရာကြီး ဦးစောဂေထူးထံ အာဟာရကျွေးမွေးရန် ငွေကျပ် ၆၀၀၀၀နှင့် ငွေကျပ်၅၀၀၀၀တန်ဖိုးရှိ ကျောင်းသုံးဗလာစာအုပ် ၂၅ဒါဇင်ကို ပေးအပ်လှူဒါန်းသည်။ **(အောက်ပုံ)**

ထို့နောက် ဆရာ၊ ဆရာမများနှင့် ကျောင်းအကျိုးတော်ဆောင် အဖွဲ့က ကျောင်းသား၊ ကျောင်းသူများအား အာဟာရများ တိုက်ကျွေးကြသည်။

(၆၁)

ဩဂုတ် ၂၀ ရက်က ရန်ကင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူး၍ ရန်ကင်း အထက(၁)သီရိရတနာခန်းမ၌ ဟောပြောပွဲကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးညွန့်က "ရည်မှန်းချက်ရှိရမည်" ခေါင်းစဉ်ဖြင့် ဟောပြောစဉ်။

(ခရိုင်ပြန်/ဆက်)

နားလေးရောဂါ ရှာဖွေကုသချက် ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၁

ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသော နားလေးရောဂါ ရှာဖွေကုသချက် ပြန်လည်ဆန်းစစ်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ နား၊နှာခေါင်း၊ လည်ချောင်း ရောဂါအထူးကု ဆေးရုံကြီး၌ ကျင်းပသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကိုယနေ့မှ ဩဂုတ် ၂၂ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

မုန်တိုင်းသင့်ပြည်သူများအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် ဩဂုတ် ၂၁

မုန်တိုင်းသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပမှ စေတနာရှင်၊ အလှူရှင်များက အလှူငွေများကို ဆက်လက်လှူဒါန်းလျက်ရှိရာ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရန်ကုန်ရုံးခွဲရှိ အလှူငွေလက်ခံရာဌာနသို့ လာရောက်လှူဒါန်းကြသော အလှူငွေများကို ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက လက်ခံသည်။

ဩဂုတ် ၁၉ရက်တွင် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း (ရေနံဓာတ်ငွေ့ရည်စက်ရုံ-မင်းဘူး)၊ အမှတ်(၂) ရေနံချက်စက်ရုံ(ချောက်) နှင့် သန်လျင်ရေနံချက်စက်ရုံ ဝန်ထမ်းမိသားစုများက ငွေကျပ် ၁၁၅၀၀၀၀၊ ဒေါက်တာခိုင်မိုးနှင့်ဒေါက်တာသီတာစံမိသားစု မရမ်းကုန်းမြို့နယ်က ဒေါက်တာသီတာစံ မွေးနေ့အလှူအဖြစ် လူနေအိမ်တစ်လုံးအတွက် ငွေကျပ်ခြောက်သိန်း၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်း)မှ တစ်ဆင့် ဒေါ်ခင်ညွန့် ပြည်မြို့က လူနေအိမ်တစ်လုံးအတွက် ငွေကျပ်ခြောက်သိန်း၊ ဩဂုတ် ၂၀ ရက်တွင် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှတစ်ဆင့် ငွေကျပ် ၂၁၆၄၈၈၆၅၊ ဦးသာထွန်း သုမင်္ဂလာအိမ်ရာ သယ်န်းကျွန်းမြို့နယ်က ငွေကျပ်ငါးသောင်းနှင့် ဩဂုတ် ၂၁ ရက် ယနေ့တွင် ဒေါက်တာဦးစိုးသန်းနှင့် ဗိုလ်မှူးဒေါ်ခင်ခင်(ငြိမ်း)မိသားစု တောင်ဥက္ကလာပက ငွေကျပ် ၆၆၀၀၀၀၊အမှတ်(၂၂)ခြေမြန်တပ်မဌာနချုပ်နှင့် လက်အောက်ခံတပ်ရင်း မိသားစုများက လူနေအိမ်နှစ်လုံးအတွက် ငွေကျပ် ၁၂သိန်း၊ Ministry of Finance of Azerbaijan မှတစ်ဆင့် ယူရို ၃၃၈၉၀၈ တို့ ဖြစ်သည်။ ဩဂုတ် ၁၉ ရက်မှ ၂၁ ရက်အထိ လက်ခံရရှိသည့် အလှူငွေစုစုပေါင်းမှာ ငွေကျပ် ၂၅၉၀၈၈၆၅ နှင့် ယူရို ၃၃၈၉၀၈ တို့ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၂-၈-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၄း၁၅ ၄။ မဟာဂီတချိုကြည်မြ
- ၄း၂၀ ၅။ မျိုးချစ်တပ်မတော်
- ၄း၃၀ ၆။ အမျိုးသားရေးတေးကဗျာ
- ၄း၄၀ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
- ၅း၀၀ ၉။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၅း၃၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၄။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၆း၄၅ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇း၀၀ ၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ရာဇဝင်တွင်တဲ့ သူရဲကောင်း အပိုင်း(၉၇)**
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ **လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိ -ထူးချွန်ထင်ရှား တပည့်များ(၁)**
- ၂၁။ စိုက်ပျိုးသုတ
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - ဖြူစင်ခြင်းရဲ့နောက်ကွယ် (အပိုင်း -၁၆)**
- ၂၄။ သင့်အတွက်မနက်ဖြန်
- ၂၅။ အပိတ်နှုတ်ဆက်စကား
- ၂၆။ ပြီးပါပြီ။

တောကိုနင်း တောင်ကိုချဉ်း၍ အလင်းလာပေးကြသူများ

ကမ္ဘောဇခင်လှိုင်

ရှမ်းတိုင်းရင်းသူအဘွား ဒေါ်မိုင်ငင်းသည် အသက်(၆၀)ကျော်လေပြီ။ ငယ်စဉ်ကပင် ရှမ်းတောင်တန်းမှာနေ၊ ရှမ်းပြည်နယ်လေကိုရှူ၊ လှပသောရှမ်းပြည်နယ်မြေ၏ အလှများကိုကြည့်ကာ သူငယ်ချင်းများနှင့် ပျော်ပျော်ပါးပါးနေခဲ့သည်။ ထင်းရှူးပင်ရိပ်တွင် သူ၏ပလိုင်းကိုချကာ နဖူးမှာစို့နေသောချွေးများကိုသုတ်ရင်း တောင်စောင်း၊ တောင်ခါးပန်းများတွင် နီနေအောင်ပွင့်ပြီး လေမှာယိမ်းထိုးနေသော တောပန်း၊ တောင်ပန်းများကိုကြည့်ကာ သူငယ်ချင်းများနှင့် ရယ်စရာမောစရာပြောရင်း အပန်းဖြေခဲ့သည်။ တောင်ပေါ်မှာနေ တောင်ပေါ်မှာကြီးပြင်းခဲ့သူမို့ တောင်ပေါ်ရွာက ဖူးစာဖက်နှင့် အိမ်ထောင်ကျကာ သား၊ သမီးများထွန်းကားခဲ့သည်။

သို့သော် အသက်လေး(၅၀)ကျော်လာသောအခါ သူ၏မျက်စိများမှုန်လာသည်။ သို့သော် မျက်စိရောဂါ အထူးကုဆရာဝန်များရှိရာ မြို့နှင့်ဒေါ်မိုင်ငင်းနေသော တောရွာမှာ ကွာဝေးလှ၍ မမြင်မကန်းနှင့်ပင် အိမ်ဗာဟီရ ကိစ္စများလုပ်၊ အိမ်နောက်ရှိခြံအတွင်းဝယ် အသီးအနှံတွေစိုက်၊ သူတို့ကြိုက်တတ်သော ပဲပုပ်လေးများ အခြောက်လှန်းခြင်းဖြင့် တစ်နေ့တာ တစ်နေ့တာအချိန်ကို အလုပ်နှင့်ပင် မအားမလပ်အောင် နေနေရသည်။ မျက်စိနှစ်ဖက်စလုံး လုံးဝမမြင်တော့မှ မနားမဖြစ်နားလိုက်ရသည်။

အဘွားဒေါ်မိုင်ငင်းသည် သူတို့ရွာနှင့် မလှမ်းမကမ်း အခြားရွာများရှိ သူ၏သူငယ်ချင်းအချို့လည်း အသက်အရွယ်ကြီးမှ တချို့က တစ်ဖက်မမြင်၊ တချို့က နှစ်ဖက်စလုံး မမြင်သူများရှိကြောင်း ကြားသိရသောအခါ စိတ်မကောင်းဖြစ်ရပြန်သည်။ သို့သော်လည်း **“ ဒါ အသက်ကြီးလို့၊ ဒါဝဋ်ရှိလို့၊ ဒါ ကံကြွေးရှိလို့”** ဟု ခံယူကာ ဘဝကို အရှုံးပေးထားကြသည်။

အဘွားဒေါ်မိုင်ငင်းနည်းတူ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ကွမ်းလုံ၊ ဟိုပန်၊ သိန္နီ၊ ကွတ်ခိုင်၊ မူဆယ်၊ နမ့်ခမ်း၊ မိုင်းရယ်၊ တန့်ယန်း၊ သီပေါ၊ ကျောက်မဲ၊ နောင်ချို၊ မိုးမိတ်၊ မဘိမ်း၊ မိုင်းလုံ၊ နမ္မတူ၊ နမ့်ဆန်မြို့နယ်များနှင့် အဆိုပါမြို့နယ်များအတွင်းရှိ ကျေးရွာများတွင်လည်း မျက်စိအလင်းမရကြသူများ၊ မျက်စိမှုန်သူများ၊ မျက်စိဝေဒနာရှင်များ ရာဂဏန်း၊ ထောင်ဂဏန်းချီ၍ ရှိကြသည်။

သို့သော်လည်း သူတို့အနေဖြင့် အနည်းဆုံး မိုင်တစ်ရာကျော် နှစ်ရာနီးပါးခန့်ကွာဝေးသည့် မျက်စိအထူးကု ဆရာဝန်ရှိရာ လားရှိုးမြို့သို့ လာရောက်ကုသဖို့ မလွယ်ပြန်ချေ။ သူတို့အနေဖြင့် အကယ်၍ လားရှိုးမြို့သို့ သွားလိုပါက မိမိအတွက် ခရီးစရိတ်၊ စားစရိတ်၊ တည်းခိုခန်းစရိတ်၊ ဆေးဖိုးဝါးခများအပြင် မိမိနှင့်အတူ လိုက်ပါစောင့်ရှောက်သည့် အဖော်အတွက်ပါ စရိတ်ကုန်ကျကြမည် ဖြစ်လေသည်။ သို့ဖြင့် သူတို့ခမျာ အကြောင်းအပေါင်းသင့်မှ လားရှိုး၊ မန္တလေးနှင့် စစ်ကိုင်းမြို့များရှိ မျက်စိအထူးကုဆေးရုံများသို့ သွားရောက်ဆေးကုသမှုခံယူကြသည်။

သို့သော်. . . . . .

ယခုနှစ်အဖို့တော့ အဘွားဒေါ်မိုင်ငင်း၊ အဘိုး ပူလွိုင်ဟိန်း၊ အဘွား နန်းခမ်းလှ တို့အတွက် ကံကောင်းလာသည့် နှစ်ဟု ဆိုရပေမည်။ မြန်မာနှစ်ဆန်း ၂ ရက်နေ့တွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူးက လားရှိုးမြို့ မြို့တော်ခန်းမတွင် လားရှိုးမြို့ရှိ ကုန်သည်ကြီးများနှင့် ပရဟိတစေတနာရှင်များကို ဖိတ်ကြားပြီး ရန်ကုန်မှ မျက်စိရောဂါအထူးကု ဆရာဝန်ကြီးများ လာရောက်မည့်အကြောင်း၊ အဆိုပါဆရာဝန်များက ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ မျက်စိဝေဒနာရှင်များအား ၂၃-၄-၂၀၀၈ရက်နေ့မှ ၂၆-၄-၂၀၀၈ရက်နေ့အထိ နေ့ရောညပါ အခမဲ့ စမ်းသပ်ကုသပေးမည့်အကြောင်း၊ မျက်မှန်လိုအပ်သူ၊ ဆေးဝါးလိုအပ်သူများကိုလည်း အခမဲ့ပေးမည့်အကြောင်း နှစ်သစ်ကူးသတင်းကောင်းကို ပြောကြားလေသည်။

တိုင်းမှူး၏နှလုံးသားမှ ထွက်လာသော စကားများအတွက် တက်ရောက်လာသူ စေတနာရှင်အများက သဒ္ဓါတရားပေါ်ပေါက်ကာ တစ်ဦးချင်းရော၊ မိသားစုအလိုက်ရော၊ လုပ်ငန်းအလိုက်ပါ စေတနာထက်သန်စွာ လှူဒါန်းကြရာ စုစုပေါင်းငွေကျပ် သိန်းလေးရာကျော် ရရှိလေသည်။

ရန်ကုန်မှ စေလွှတ်ပေးသည့် မျက်စိအထူးကုအဖွဲ့ကို ကျန်းမာရေးဝန်ကြီးဌာနက စီစဉ်ပေးခဲ့ပြီး အဆိုပါအဖွဲ့ကို မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်က ဦးဆောင်လာလေသည်။ ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်နှင့်အတူ မျက်စိအထူးကုဆရာဝန် များဖြစ်ကြသော ဒေါက်တာ သူဇာဟန်၊ ဒေါက်တာ တင်မောင်စိုး၊ ဒေါက်တာ ညွှန့်အောင်၊ ဒေါက်တာ နီလာသိန်း၊ ဒေါက်တာ စန္ဒာမြင့်၊ ဒေါက်တာ အေးမြတ်ဦး၊ ဒေါက်တာ နန်းအိရွှေစင်၊ ဒေါက်တာ အောင်နေဦး၊ ဒေါက်တာ ချောဝေလွင်၊ ဒေါက်တာ မိုးအေးလတ်၊ ဒေါက်တာ ယဉ်ကြည်ဦးနှင့် သူနာပြုဆရာမ ခြောက်ဦး၊ ALCON ကုမ္ပဏီ မှ ကျွမ်းကျင်ပညာရှင်တစ်ဦးတို့ လိုက်ပါလာကြသည်။

သူတို့သည် ဒေသခံ မျက်စိအထူးကုဆရာဝန်များ ဖြစ်ကြသော ဒေါက်တာ လှလှသန်း၊ ဒေါက်တာတင်မိုးကြည်တို့နှင့် ပူးပေါင်းကာ ဆရာဝန်ခြောက်ဦးက ဆေးရုံရှိ ခွဲစိတ်ခန်း၌ တာဝန်ယူ၍ ခွဲစိတ်ပေးပြီး လားရှိုးမြို့သို့ ရောက်ရှိလာသူ မျက်စိဝေဒနာရှင် ၆၂၄၇ ဦးတို့အား အရေးပေါ်စီစဉ်ဖွင့်လှစ်ထားသည့် မြို့တော်ခန်းမရှိ စမ်းသပ်ခန်း၌ နံနက် ၆ နာရီမှစ၍ မနားမနေ စမ်းသပ်ပေးကြလေသည်။

သူတို့စမ်းသပ်ပြီး မျက်မှန်လိုသူများကို မျက်မှန်အခမဲ့ပေး၊ ဆေးသောက်ရန်လိုအပ်သူများကို ဆေးဝါးအခမဲ့ပေး၊ ခွဲစိတ်ရန်လိုအပ်သူများကို ချက်ချင်းခွဲစိတ်ပေးခြင်းဖြင့် ကျန်စေတနာလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားကြသည်။

တိုင်းမှူးကလည်း နံနက်ခင်းဆိုလျှင် မြို့တော်ခန်းမနှင့်ဆေးရုံသို့ ရောက်ရှိလာပြီး လူနာများအတွက် အစားအသောက်၊ အနေအထိုင်၊ အသေးသုံးရန် ငွေကြေးကအစ ဂယနဏဆောင်ရွက်ပေးရှာသည်။ လားရှိုးမြို့ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များကလည်း လူနာများအား ကြိုခြင်း၊ ပို့ခြင်း၊ ကျွေးမွေးခြင်းစသည့် အောက်ခြေသိမ်းလုပ်ငန်းများကို မညည်းမညူ စိတ်ရောကိုယ်ပါထက်သန်စွာ အကူအညီပေးကြသည်။

မျက်စိဝေဒနာရှင်များအား စမ်းသပ်ရန်စုစည်းထားသည့် မြို့တော်ခန်းမအတွင်းဝယ် ဝေဒနာရှင်များကို ထောင်နှင့်ချီ၍ တွေ့ရလေသည်။ မျက်စိဝေဒနာရှင်များကို စတင်၍စမ်းသပ်သော ၂၃-၄-၂၀၀၈ရက်နေ့မှစ၍ ၂၆-၄-၂၀၀၈ရက်နေ့အထိ လူနာပေါင်း ၆၂၄၇ဦးအား စမ်းသပ်ပေးပြီး လူနာပေါင်း ၅၃၁ဦးအား ခွဲစိတ်ပေးနိုင်ခဲ့ကြပေသည်။

ကျွန်တော်သည် ခွဲစိတ်ပြီးနောက် အလင်းရောင်ပြန်မြင်လာသော ဒေါ်ဆွယ်ငင်းအား ကြည့်ရှုအားပေးသည်။ ဒေါ်ဆွယ်ငင်းမှာ အသက်(၆၀)ခန့်ရှိပြီး အစားအသောက်ကောင်း၍ ကျန်းမာဝဖြိုးနေလေသည်။ သို့သော် အလင်းရောင်ကို မမြင်ရသည်မှာ အနှစ် ၂၀ ခန့်ကြာပြီဖြစ်၍ ခွဲစိတ်ပြီးချက်ချင်းပင် မျက်စိပြန်လည်မြင်လာသောအခါ သူသည် ဝမ်းသာ၍မဆုံး၊ ပျော်မဆုံးဖြစ်နေရှာသည်။ ကမ္ဘာဦးသူတို့ နေကိုစ၍ မြင်ရသောနေ့က ကခုန်မြူးထူးပျော်ပါးပုံများကို မှန်းဆ၍မြင်ယောင်မိပါသည်။

ဒေါ်ဆွယ်ငင်းကဲ့သို့ပင် မျက်စိအလင်းကောင်းမွန်စွာပြန်ရသူများ၏ ဝမ်းသာပျော်ရွှင်နေပုံကိုကြည့်ပြီး တိုင်းမှူးကိုယ်တိုင်မှာလည်း ပီတိသောမနဿဖြစ်နေသည်။ မျက်စိဝေဒနာရှင်များအတွက် အသေးစိတ်စီမံခန့်ခွဲပေးနေရသဖြင့် မောပန်းနွမ်းလျလက်ပန်းကျနေရမည့် အစားအားလုံးသည်ကြည်နူးရွှင်ပျလန်းဆန်းဖျတ်လတ်၍ နေလေသည်။

ထို့နောက် ကျွန်တော်သည် အဖွဲ့ခေါင်းဆောင် ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်နှင့်စကားလက်ဆုံကျမိသည်။ ယခုကဲ့သို့ လူမှုရေးလုပ်ငန်းများကို လုပ်ကိုင်နိုင်ရန် ခွင့်ပြုချက်ရရှိဖို့၊ ဘဏ္ဍာငွေရရှိဖို့၊ ဆရာဝန်များရရှိဖို့ အထက်အောက် အပြန်အလှန် စီစဉ်ခဲ့ရကြောင်း ၎င်းကပြောပြသည်။

၎င်းနှင့်အတူ ပါလာသော Mother Trading Company မှ အမိကအထောက်အပံ့ပေးနေသည့် အလှူရှင် ဦးအောင်မြတ်ကိုလည်း သွက်လက်ဖျတ်လတ်စွာတွေ့ရသည်။ ၎င်းသည် သူဝါသနာပါသော အများအကျိုး အလှူဒါနပြုရသည့်အတွက် ဝမ်းသာမဆုံးဖြစ်နေသည်။ မျက်စိအထူးကုဆရာဝန် ဒေါက်တာ ဒေါ်နီလာသိန်းကလည်း အစစလစ်ဟင်းမှုမရှိရအောင် ဆောင်ရွက်ပေးနေသည်။

ဤမျက်စိဝေဒနာရှင်များ၊
ဤအထူးကုဆရာဝန်များ၊
ဤအလှူရှင်များ၊

ဤစေတနာလုပ်ငန်းများ အောင်မြင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီခဲ့ကြသူများအား များစွာကျေးဇူးတင်နေမိသည်။မျက်စိအထူးကုဆရာဝန်ကြီးများအားလည်း ကျေးဇူးတင်စကား အထပ်ထပ်အခါခါပြောမိသည်။ မွန်မြတ်သန့်စင်သော စိတ်စေတနာတို့ဖြင့် တိုင်းရင်းသားပြည်သူများရှိရာသို့ တောကိုနင်း တောင်ကိုချဉ်း၍ အလင်းလာပေးသူများအား ဤဆောင်းပါးဖြင့်ဂုဏ်ပြုလိုက်ရပေတော့သည်။ ။

မျက်စိဝေဒနာရှင်များအား စမ်းသပ်ရန်စုစည်းထားသည့် မြို့တော်ခန်းမအတွင်းဝယ် ဝေဒနာရှင်များကို ထောင်နှင့်ချီ၍ တွေ့ရလေသည်။ မျက်စိဝေဒနာရှင်များကို စတင်၍ စမ်းသပ်သော ၂၃-၄-၂၀၀၈ ရက်နေ့ မှစ၍ ၂၆-၄-၂၀၀၈ ရက်နေ့အထိ လူနာပေါင်း ၆၂၄၇ ဦးအား စမ်းသပ်ပေးပြီး လူနာပေါင်း ၅၃၁ဦးအား ခွဲစိတ်ပေးနိုင်ခဲ့ကြပေသည်။

မြန်မာနိုင်ငံ ဂီတအစည်းအရုံး Iron Cross တေးဂီတပွဲတော် ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၁

မြန်မာနိုင်ငံ ဂီတအစည်းအရုံးက လေဘေးသင့်ပြည်သူများအတွက် ပြန်လည် တည်ဆောက်ရေးလုပ်ငန်းများတွင် ထောက်ပံ့လှူဒါန်းနိုင်ရန် စီစဉ်တင်ဆက်သည့် Iron Cross တေးဂီတ ပွဲတော်ကို ဩဂုတ် ၂၄ရက်နှင့် ၂၅ရက် ညနေ ၅နာရီတွင် ရန်ကုန်မြို့ရှိ အမျိုးသား အားကစားပြိုင်ပွဲရုံ(၁)(သုဝဏ္ဏ)မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါ ရန်ပုံငွေဂီတပွဲတော်၌ တေးသံရှင် လေးဖြူ အပါအဝင် Iron Cross တေးဂီတအဖွဲ့၏ ပင်တိုင်တေးသံရှင်များ ဖြစ်ကြသော အငဲ၊မျိုးကြီးနှင့် ဝိုင်ဝိုင်းတို့ ပါဝင်ဖျော်ဖြေကြမည်ဖြစ်သည်။

လက်မှတ်များကို ငွေကျပ်၁၅၀၀၀၊ ငွေကျပ် ၁၀၀၀၀နှင့် ငွေကျပ် ၉၀၀၀သတ်မှတ်ထားပြီး ရန်ကုန်မြို့ရှိ ကိုကိုညီညီဗြူတီဆလွန်း(ဆရာစံလမ်း၊ ဒဂုံစင်တာ၊ လပြည့်ဝန်းပလာဇာ)၊ မန်းသီရိတေးသံသွင်း၊ သာကေတCapital Hyper Mart နှင့် ကျောက်မြောင်းစတိုးတို့၌ ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကမာရွတ်မြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်တွင် ကျောင်းတွင်းအာဟာရဖွံ့ဖြိုးမှုလုပ်ငန်းအဖြစ် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ပြုံးနှင့် ဆရာမ ဒေါ်ဆွေဆွေမြင့်တို့က အစာအာဟာရအုပ်စုသုံးခုအကြောင်း ရှင်းလင်း၍ အစာအာဟာရအုပ်စုသုံးခုမျှတစွာ စားသုံးသင့်ကြောင်းကို ထမင်းချိုင့်များဖြင့် လက်တွေ့သရုပ်ပြပညာပေးသင်ကြားစဉ်။ (ကြေးမုံ)

သနန္တနဓမ္မပါလက (ဟိန္ဒူ)အဖွဲ့ချုပ် (ရန်ကုန်)က ကြီးမှူး၍ ဟိန္ဒူမိသားစုများ၏ မေတ္တာနှောင်ကြိုးချည်နှောင်ပွဲတော်ကို ဩဂုတ် ၁၆ရက် (မေတ္တာအခါတော်နေ့)က သန်လျင်မြို့ ကျိုက်အင်းရှိ မင်္ဂလာဓမ္မရိပ်သာ၌ ကျင်းပရာ စွယ်တော်မြတ်စေတီဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးထင်မျိုး ဒုတိယညွှန်ကြားရေးမှူးချုပ် သာသနာရေးဦးစီးဌာန(ငြိမ်း) အမှာစကားပြောကြားစဉ်။ (ကြေးမုံ)

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင် ထုတ်လုပ်မှုလုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China New Era International Engineering Corporation တို့၏ အင်ဂျင်ပြုပြင် ပြောင်းလဲထုတ်လုပ်မှု စီမံကိန်းဆိုင်ရာ စာချုပ် လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်အားပေးစဉ်။

(သတင်းစဉ်)

အင်ဂျင်ပြုပြင်ပြောင်းလဲထုတ်လုပ်မှု စီမံကိန်းဆိုင်ရာ စာချုပ်လက်မှတ်ရေးထိုးပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဩဂုတ် ၂၁

အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင် ထုတ်လုပ်မှုလုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China New Era International Engineering Corporation တို့၏ အင်ဂျင်ပြုပြင်ပြောင်းလဲထုတ်လုပ်မှု စီမံကိန်းဆိုင်ရာ စာချုပ်လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဩဂုတ် ၂၀ ရက် နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ရွှေ်ုင်ရယ်ကုမုဒြာဟိုတယ်၌ ကျင်းပရာ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်နှင့် ဗိုလ်ချုပ်ကျော်စွာခိုင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ China New Era International Engineering Corporation မှ Vice President, Mr. Wang Yuefei နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာချုပ်လက်မှတ် ရေးထိုးပွဲတွင် မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးမြင့်နှင့် China New Era International Engineering Corporation မှ Vice President, Mr. Wang Yuefei တို့က အမှာစကားပြောကြားကြပြီး စာချုပ်ကို လက်မှတ်ရေးထိုး လဲလှယ်ကြသည်။

ယခုချုပ်ဆိုသည့် စာချုပ်အရ အမှတ်(၂)စက်မှုဝန်ကြီးဌာနက ပဲခူးတိုင်း ရေတာရှည်မြို့နယ်၌ အကောင်အထည်ဖော်လျက်ရှိသည့် ဘက်စုံသုံး ဒီဇယ်အင်ဂျင် ထုတ်လုပ်မှုစက်ရုံ (သာဂရ)မှ ထုတ်လုပ်မည့် အင်ဂျင်များအနက် 6V 128 ZC အင်ဂျင်များကို မော်တော်ယာဉ်သုံး အင်ဂျင်များအဖြစ် ပြုပြင်ပြောင်းလဲရန် ဒီဇိုင်းရေးဆွဲခြင်း၊ ကုန်တင်ယာဉ်နှင့် ဘတ်စ်ကားများတွင် တပ်ဆင်၍ စမ်းသပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကြက်ခြေနီအကြောင်း သိကောင်းစရာ ဒလမြို့နယ်တွင် ဟောပြောပို့ချ

ရန်ကုန် ဩဂုတ် ၂၁

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း (ပြန်ကြားဆက်သွယ်ရေးဌာန) မှ ကြက်ခြေနီအကြောင်းသိကောင်းစရာ ဟောပြောပွဲကို ဩဂုတ်၂၀ရက်နံနက် ၉နာရီတွင်ဒလမြို့နယ် ပြည်သူ့ဆေးရုံခန်းမ၌ ကျင်းပရာ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင်မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ အကျိုးဆောင် ဘဏ္ဍာထိန်း ဦးကြည် **(အပေါ်ပုံ)**နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန်းကြိုင်တို့က အမှာစကားပြောကြားကြပြီး အခမ်းအနားမှူးအဖြစ် မြို့နယ် ကြက်ခြေနီ ဒု-တပ်ရင်းမှူး ဦးအောင်မြင့်က ဆောင်ရွက်သည်။

ဟောပြောပွဲတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ ပြန်ကြားဆက်သွယ်ရေးဌာနမှ ဌာနမှူး ဒေါ်ရွှေဇင်မြင့်နှင့်အဖွဲ့က တစ်ရက်တာ ဟောပြောပို့ချကြသည်။ **(၅၄၂)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
နယ်စပ်ဖြတ်ကျော်ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး
သတိပေးနှိုးဆော်ချက်

နေပြည်တော် ဩဂုတ် ၂၁

၁။ **ကမ္ဘာတစ်ဝန်း ကြက်ငှက်တုပ်ကွေးရောဂါ H_5N_1 ကူးစက်ဖြစ်ပွားမှု (၂၀၀၃ ခုနှစ်မှ ၂၀၀၈ ခုနှစ် ဩဂုတ်လ ပထမပတ်အထိ)**

(က) **တိရစ္ဆာန်သို့ကြက်ငှက်တုပ်ကွေးရောဂါ H_5N_1 ကူးစက်ဖြစ်ပွားမှု။** အာရှ/အာဖရိက/ဥရောပဒေသ နိုင်ငံ ၆၁နိုင်ငံတွင် ကူးစက်ဖြစ်ပွားခဲ့ပြီးကြက်/ဘဲ/ငှက် စုစုပေါင်းကောင်ရေသန်း၂၆၀ သေဆုံးသုတ်သင်ဖျက်ဆီးခဲ့ကာ အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံခန့် ငွေကြေးဆုံးရှုံးမှု ရှိခဲ့ပါကြောင်း။

(ခ) **လူသို့ ကြက်ငှက်တုပ်ကွေးရောဂါ H_5N_1 ကူးစက်ဖြစ်ပွားမှု။** အာရှ/အာဖရိက/ဥရောပဒေသ နိုင်ငံ ၁၄ နိုင်ငံတွင် လူသို့ ၃၈၅ ဦး ကူးစက်ခဲ့ပြီး လူ၂၄၃ ဦး သေဆုံးခဲ့ပါကြောင်း။

၂။ **မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများအတွင်း ကြက်ငှက်တုပ်ကွေး H_5N_1 ရောဂါကူးစက်ဖြစ်ပွားမှု (၂၀၀၈ခုနှစ် ဩဂုတ်လ ပထမပတ်အထိ)**

(က) **မြန်မာနိုင်ငံ။** ၂၀၀၆ ခုနှစ်အတွင်း ပထမအကြိမ် စစ်ကိုင်း/ မန္တလေးတိုင်းတို့၌ လည်းကောင်း၊ ၂၀၀၇ ခုနှစ်အတွင်း ဒုတိယအကြိမ် ရန်ကုန်/ပဲခူးတိုင်း၊ မွန်ပြည်နယ်တို့၌လည်းကောင်း၊ တတိယအကြိမ် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၌ လည်းကောင်း ဖြစ်ပွားခဲ့ပြီး ၂၀-၄-၂၀၀၈ ရက် ကြက်ငှက်တုပ်ကွေးရောဂါ ကင်းရှင်းနိုင်ငံအဖြစ် ကြေညာနိုင်ခဲ့ပါကြောင်း။

(ခ) **အိမ်နီးချင်းနိုင်ငံများ။** အိမ်နီးချင်းနိုင်ငံအချို့တွင် ကြက်ငှက်တုပ်ကွေးရောဂါ ပြောက်ကျား (Sporadic) ဖြစ်ပွားလျက်ရှိပြီး အချို့နိုင်ငံတွင် ဖြစ်ပွားမှုကြိမ်ရေ များပြားကြောင်း (Increasing Frequency)၊ အချို့နိုင်ငံတွင် ကျယ်ပြန့်စွာ ပျံ့နှံ့ကူးစက်ခဲ့ကြောင်း (Wide Spread)။

၃။ **အာရှဒေသနိုင်ငံများအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ H_5N_1 ကူးစက်ဖြစ်ပွားမှုအပေါ် ခြုံငုံသုံးသပ်ချက်**

အာရှဒေသဆိုင်ရာ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ကြက်ငှက်တုပ်ကွေးရောဂါ ကျွမ်းကျင်သူ အတိုင်ပင်ခံများ၏ စူးစမ်းလေ့လာချက်များအပေါ် အခြေခံ၍ အောက်ပါအတိုင်း ခြုံငုံသုံးသပ်ရရှိပါကြောင်း-

(က) **နိုင်ငံများအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ နယ်စပ်ဖြတ်ကျော် ကူးစက်မှုလမ်းကြောင်း**

(၁) နယ်စပ်ဖြတ်ကျော် ကြက်ဘဲအရှင်များ၊ ကြက်ဘဲသားပေါက်များနှင့် ကြက်ငှက်အရှင် ရောင်းဝယ်မှုစနစ်။

(၂) ရောဂါကူးစက်ထားသော ကြက်သား၊ဘဲသားနှင့် ဥများ။

(၃) တရားမဝင် နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာသည့် ကြက်ဘဲနှင့် ကြက်ဘဲထွက် ပစ္စည်းရောင်းဝယ် သယ်ဆောင်ရာတွင် အသုံးပြုသော လုပ်ငန်းအသုံးအဆောင်များ၊ ကြက်ဥဗန်းများ၊ တရားမဝင် ကြက်ငှက်တုပ်ကွေး ကာကွယ်ဆေးများ၊ သယ်ဆောင်သူများ။

(၄) ဆောင်းခိုငှက်များ၊ ငှက်ရိုင်းများ(ကျီး၊ စာကလေး၊ ခို)နှင့် တရားမဝင်တင်သွင်းသောနိုင်ငံခြားပြင်ပငှက်များ။

(၅) နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာသည့် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ဆေးထိုးထားသော ကြက်ဘဲသားပေါက်များ၊ ဥတုံးကြက်ဘဲ/ပယ်ကြက်ဘဲများသည် ကျန်းမာသော အသွင်လက္ခဏာဖြင့် ရောဂါပိုးကူးစက်ဖြန့်ဖြူးမှုအခွင့်အလမ်း ဖြစ်ပေါ်စေနိုင်ကြောင်း။

(ခ) **ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ်ခိုအောင်းပွားများ ကူးစက်မှု**

(၁) **ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ်ပွားများနိုင်သည့်နေရာ (Multiplication)။** ကြက်ဘဲအရှင်ဈေးများ (Live Bird Market) များသည် ဇီဝလုံခြုံမှု ကောင်းမွန်ခြင်း မရှိပါက ဗိုင်းရပ်စ်ပွားများနိုင်သည့် အခွင့်အလမ်း များပြားပါကြောင်း။

(၂) **ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ်ခိုအောင်းနိုင်သည့် တိရစ္ဆာန် (Reservoir)။** ဇီဝလုံခြုံမှု အတားအဆီး အကန့်အသတ်မထားရှိသော လွှတ်ကျောင်းဘဲ၊ လွှတ်ကွင်းဘဲများသည် ဗိုင်းရပ်စ်ခိုအောင်းသယ်ဆောင်သည့် တိရစ္ဆာန်များဖြစ်လာနိုင်ပါကြောင်း။

(၃) **ကြက်ငှက်တုပ်ကွေးရောဂါကူးစက် လွယ်ကူသောတိရစ္ဆာန် (Sensitive and Susceptible)။** ငုံးများသည် ရောဂါမြန်ဆန်လွယ်ကူစွာ ကူးစက်နိုင်ပြီး ရောဂါဖြစ်ပွားလွယ်သော တိရစ္ဆာန်ဖြစ်ပါကြောင်း။

၄။ **ဇီဝလုံခြုံရေးအစီအမံ**

(က) နယ်စပ်ဖြတ်ကျော် ကြက်ဘဲသားပေါက်များ၊ ကြက်ဥ၊ ဘဲဥများနှင့် ကြက်ထွက်ပစ္စည်းများ တရားမဝင် နယ်စပ်မှဝင်ရောက်ခြင်း မရှိရေး၊ လက်ခံခြင်းမပြုရေး၊ ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး၊ တိရစ္ဆာန်ကျန်းမာရေးသတိဖြင့် ကာကွယ်တားဆီးခြင်း။

(ခ) ကြက်၊ ဘဲ၊ငန်း၊မန်ဒါလီတိရစ္ဆာန်အမျိုးအစားအလိုက် သီးသန့်စီမွေးမြူခြင်း၊ ခွဲခြားသယ်ယူပို့ဆောင်ခြင်း၊ သီးခြားစီရောင်းချခြင်း၊ ကြက်ဘဲအရှင်ဈေးများ ဇီဝလုံခြုံရေးမြှင့်တင်ခြင်း၊ ဈေးနားရက်များ သတ်မှတ်ထားရှိ၍ လုပ်ငန်းခွင်သန့်ရှင်းရေး၊ ပိုးသန့်စင်ရေးဆောင်ရွက်ခြင်း။

(ဂ) ပြည်နယ်/တိုင်းအလိုက် ဒေသအတွင်းတွင်သာ မျိုးဘဲသားဖောက်ခြင်း၊ ဘဲသားပေါက်များ ဖြန့်ဖြူးရောင်းဝယ်မွေးမြူသည့်စနစ် ကျင့်သုံးခြင်း၊ ဘဲခြံများ ခြံလှောင်စနစ်ဖြင့် မွေးမြူ၍ ဇီဝလုံခြုံရေးမြှင့်တင်ခြင်း၊ မျိုးဘဲခြံများတွင် ရောဂါစူးစမ်းရှာဖွေစစ်ဆေးခြင်း၊ ဘဲဥများသယ်ပို့ရောင်းချရာတွင် ဘဲဥသယ်ဗန်းများ၊ သေတ္တာများ၊ ပိုးသန့်စင်ခြင်း။

(ဃ) ကြက်/ဘဲ/ငုံးမွေးမြူရေးဇုန်များ သီးခြားထားရှိခြင်း၊ ဇီဝလုံခြုံရေးမြှင့်တင်ခြင်း။

(င) ကြက်/ဘဲဦးရေ ထူထပ်သည့်ဒေသများအား ရောဂါအန္တရာယ် ဖြစ်ပွားနိုင်သည့်နေရာ သတ်မှတ်၍ ရောဂါစူးစမ်းရှာဖွေခြင်း၊ ဇီဝလုံခြုံရေးမြှင့်တင်ခြင်း။

၅။ **တိရစ္ဆာန်ကျန်းမာရေးသတိ။** ကြက်ဘဲမွေးမြူထုတ်လုပ်သယ်ယူရောင်းချသူ မွေးမြူရေးလုပ်ငန်းရှင်များသည် ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး၊ ဇီဝလုံခြုံမှုမြှင့်တင်ရေး၊ တိရစ္ဆာန်ကျန်းမာရေး လုပ်ငန်းများတွင် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန အပါအဝင် သက်ဆိုင်သည့်ဌာနဆိုင်ရာများ၊ ဒေသအာဏာပိုင် အဖွဲ့အစည်းများနှင့် ပူးပေါင်းကူညီ ပါဝင်ဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား Korean Broadcasting Institute မှ အထွေထွေမန်နေဂျာနှင့်အဖွဲ့ တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၂၁

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ကိုရီးယားသမ္မတနိုင်ငံ Korean Broadcasting Institute မှ General Manager Mr.Harrison Yu နှင့်အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံရုံးမှ ပထမအတွင်းဝန် Mr. Lee Jong Kwon နှင့် Korean Broadcasting Institute တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ကိုရီးယားသမ္မတနိုင်ငံ Korean Broadcasting Institute မှ General Manager Mr.Harrison Yu နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ ဆရာ၊ဆရာမများ ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်

ရန်ကုန် ဩဂုတ် ၂၁

၂၀၀၈ ခုနှစ် အောက်တိုဘာ ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ဆရာများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၀၈ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဆရာ၊ ဆရာမများ ဆောင်းပါးပြိုင်ပွဲကို အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့်ဟူ၍ အဆင့်လေးဆင့်ခွဲ၍ ကျင်းပမည်ဖြစ်သည်။

တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများမှ ဆရာ၊ ဆရာမများနှင့် အငြိမ်းစားယူပြီးသော ဆရာ၊ ဆရာမများသည် အဆင့်မြင့်ပညာအဆင့်တွင်လည်းကောင်း၊ အခြေခံပညာကျောင်းအုပ်ကြီးများ၊ အထက်တန်းပြ၊ အလယ်တန်းပြ၊ မူလတန်းပြများနှင့် အငြိမ်းစားဆရာ၊ ဆရာမများသည် သက်ဆိုင်ရာအခြေခံပညာအဆင့်တွင် လည်းကောင်း ပါဝင်ယှဉ်ပြိုင်နိုင်သည်။ မြို့နယ်ပညာရေးမှူးနှင့် အထက်အဆင့်ရှိ အရာထမ်းများသည် အထက်တန်းအဆင့်တွင် ပါဝင်သည်။

ဆောင်းပါးခေါင်းစဉ်မှာ **"ဆရာ့ပီတိ"** ဖြစ်ပြီး စာလုံးရေ ၃၀၀၀ မှ ၄၀၀၀ အတွင်း ရေးသားရမည်။ စာမျက်နှာ တစ်ဖက်တည်းတွင်သာ ရေးသားရမည်။ စာမျက်နှာတပ်ရမည်။ စာမူနောက်ကျောတွင် ရေးသူအမည်၊ပညာအရည်အချင်း၊ရာထူးနှင့် ကျောင်း၊ အိမ်လိပ်စာကို ဖော်ပြရမည်။

စာမူနှစ်စောင်၊ကိုယ်တိုင်ရေးသားကြောင်း ဝန်ခံချက်၊ ကိုယ်ရေးအကျဉ်းနှင့် ရောင်စုံလိုင်စင်ဓာတ်ပုံ (တစ်လက်မခွဲ၊ နှစ်လက်မ) သုံးပုံတို့ကို စာအိတ်တွင် လုံခြုံစွာထည့်သွင်းပြီး ဦးထွန်းလှ ဒုတိယညွှန်ကြားရေးမှူးချုပ် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန အမှတ်(၁၂၃) နတ်မောက်လမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ စက်တင်ဘာ ၁၀ ရက် နောက်ဆုံးထားပေးပို့ရမည်ဖြစ်ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

စတုဘုမ္မိက တရားစခန်းပွဲ

ရန်ကုန် ဩဂုတ် ၂၁

ရန်ကုန်တိုင်း ခရမ်းမြို့ စတုဘုမ္မိကကျောင်းတိုက်၌ ၄ှက်တွင်း ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သဃ်န်းကျွန်းမြို့နယ် ပြည်သာယာ ဆရာတော် ဘဒ္ဒန္တကုမာရနှင့် ဘဒ္ဒန္တစိန္တိတ(ခရမ်း)တို့က ဩဂုတ် ၃၁ ရက်(တနင်္ဂနွေနေ့)တွင် တရားစခန်း ဖွင့်လှစ်မည်ဖြစ်ရာ ယောဂီများ ဩဂုတ် ၃၀ရက်(စနေနေ့) ညနေ ၄ နာရီအရောက် လာကြရမည်ဖြစ်ပြီး ဖုန်း-၀၅၆-၃၀၃၈၄ သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

အနုရသ ပန်းချီပြပွဲ ပြသမည်

ရန်ကုန် ဩဂုတ် ၂၁

မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံးဝင် လှိုင်မြို့နယ်မှ ပန်းချီပညာရှင်များ ဖြစ်ကြသော ဝင်းမြင့်မိုး၊ လှသိန်းအောင်၊ ဉာဏ်သိန်း၊ မောင်မောင်တင့်၊ ကျော်ရှိန်၊ သက်မော်၊ လှဟန်၊ အေးသန်း၊ မြင့်အောင် (D.W)၊ ထက်ဝင်းထိန်၊ အောင်အောင်မိုး၊ ဝေဆာ၊ခိုင်သင်းတာ၊ ဝင်းမောင်ရွှေနှင့် ဒေါက်တာခင်မေကြည်တို့၏ အနုရသ အထူးလက်ရာပန်းချီကား ၁၀၀ကျော်ကို ဗိုလ်ချုပ်အောင်ဆန်းဈေး အရှေ့ဘက်တန်း မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး (ဗဟို) ပြခန်း၌ ဩဂုတ် ၂၆ရက်မှ စက်တင်ဘာ၂ရက်အထိ တနင်္လာနေ့ဈေးပိတ်ရက်မှအပ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၅နာရီ အထိ ပြသထားမည်ဖြစ်ရာ မည်သူမဆို လာရောက် ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။ (၅၄၆)

အင်အား ၅ ဒသမ ၉ အဆင့်ရှိ မြေငလျင်တစ်ခုလှုပ်

ရန်ကုန် ဩဂုတ် ၂၁

ဩဂုတ် ၂၁ ရက် မြန်မာစံတော်ချိန် ၁၈ နာရီ ၅၄ မိနစ် ၃၁ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်း၏ မြောက်ဘက် မိုင် ၅၈၀ခန့် ကွာဝေးသောနေရာ မြန်မာနိုင်ငံပြည်တွင်း(တရုတ်-မြန်မာနယ်စပ်) ကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၉ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ဩဂုတ် ၉ရက်က ဗဟန်းမြို့နယ် အမက(၂၅)၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် ပထမတန်းမှ တတိယတန်းအထိ နှစ်စဉ်ပထမဆုရရှိသည့် စတုတ္ထတန်းကျောင်းသူ မလဲ့ရည်နှင်းဦးအား မြို့နယ်ပညာရေးမှူး ဒေါ်မြင့်ကြည် ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၂-၈-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်၊ ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော်
၇း၃၀ ၂။ နံနက်ခင်းသတင်း
၇း၄၀ ၃။ အဆိုပြိုင်ပွဲ
၇း၅၀ ၄။ ကြေးမုံရိပ်သွင် တေးနှုယဉ်
၈း၀၅ ၅။ အကပြိုင်ပွဲ
၈း၁၅ ၆။ တေးဂီတအစီအစဉ်
၈း၃၀ ၇။ International News.
၈း၄၅ ၈။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာတေးသံသာ
၈း၅၀ ၉။ **"ပြေးပြေးလွှားလွှား သွားသွားလာလာ" (မောင်မောင်မြင့်၊ မောင်မောင်မျိုးသန့်၊ မအေးမြင့်၊ စိန်ဂွက်ထော်) [ဒါရိုက်တာ-မောင်မောင်မြင့်]**
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ အဆိုပြိုင်ပွဲ
၄း၂၀ ၃။ တေးဂီတအစီအစဉ်
၄း၃၀ ၄။ **"စက်မှုဖွံ့ဖြိုး တို့တိုင်းပြည်အကျိုး" (ဖြိုးငွေစိုး၊ မိုးဒီ၊ သဇင်၊ နှင်းဆီ) [ဒါရိုက်တာ-တင်အောင်ရွှေ]**
၄း၅၀ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
၅း၀၀ ၆။ အတီးပြိုင်ပွဲ
၅း၁၅ ၇။ မြန်မာစာ မြန်မာစကား
၅း၃၀ ၈။ တေးဂီတအစီအစဉ်
၅း၄၅ ၉။ ပြန်ကြားရေး ဝန်ကြီးဌာန နိုင်ငံတော် ဆိုင်းဝိုင်းကြီး ဖျော်ဖြေ တင်ဆက်မှု အစီအစဉ်
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၂။ သုသစုံလင် ရွှေဉာဏ်ရှင်
၆း၅၀ ၁၃။ နှောင်းခေတ် တေးပဒေသာ
၇း၀၀ ၁၄။ **နိုင်ငံခြား ဇာတ်လမ်းတွဲ "ကုန်သွယ်မှုန်တိုင်း"(အပိုင်း-၂)**
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပင်လယ်ပျော်မင်းသား" (အပိုင်း-၂၂)**
၁၉။ အစီအစဉ်ပြီး၏။

မုတ်သုံလေအား အသင့်အတင့်ရှိမည်

ရန်ကုန် ဩဂုတ် ၂၁

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော၂၄နာရီအတွင်းက ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းတွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ မွန်ပြည်နယ်၊ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးရွာခဲ့ကာ မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** သိမ်ဇရပ်မြို့တွင် ၃ ဒသမ ၀၃ လက်မ၊ မိုင်းဆတ်မြို့တွင် ၂ ဒသမ ၀၁ လက်မ၊ မြိတ်မြို့တွင် ၁ ဒသမ ၇၃ လက်မ၊ ပဲခူးမြို့တွင် ၁ ဒသမ ၆၅ လက်မ၊ခရမ်းမြို့တွင် ၁ ဒသမ ၆၁ လက်မ၊ ဂွမြို့တွင် ၁ဒသမ ၂၆ လက်မ၊ မချမ်းဘောမြို့တွင် ၁ဒသမ ၁၈လက်မနှင့် အောင်လံမြို့တွင် ၀ ဒသမ ၉၈ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအား အသင့်အတင့်ရှိနေသည်။

ဩဂုတ် ၂၂ရက် ညနေထိ ခန့်မှန်းချက်။ ။ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မုတ်သုံလေအား အသင့်အတင့်ရှိမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျားမိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

၃၀ဒသမ ၃ဒီဂရီစင်တီဂရိတ်(၈၆ ဒီဂရီဖာရင်ဟိုက်) ၂၀-၈-၂၀၀၈

အနိမ့်ဆုံးအပူချိန်

၂၁ဒသမ ၅ဒီဂရီစင်တီဂရိတ်(၇၁ ဒီဂရီဖာရင်ဟိုက်) ၂၁-၈-၂၀၀၈

၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၈၄ ရာခိုင်နှုန်း ၂၁-၈-၂၀၀၈

နေပူသည့်နာရီပေါင်း ၆ ဒသမ ၁နာရီခန့် ၂၀-၈-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၂၁-၈-၂၀၀၈	မရှိပါ	၃မမ (၀ဒသမ ၁၁လက်မ)	၁၇မမ (၀ဒသမ ၆၇လက်မ)
၁-၁-၂၀၀၈မှ ယနေ့အထိ	၂၀၀၄ မမ (၇၈ဒသမ၉၀လက်မ)	၂၂၄၇မမ (၈၈ဒသမ ၄၆လက်မ)	၂၆၃၉မမ (၁၀၃ဒသမ ၉၀လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၀-၈-၂၀၀၈ ရက် ၁၅း၃၀နာရီတွင် အနောက်တောင်ဘက်မှ တစ်နာရီ ၁၂မိုင်နှုန်း တိုက်ခတ်သည်။

၂၀၀၈ ပေကျင်းအိုလံပစ်အားကစားပြိုင်ပွဲ ရလဒ်များ

၂၀၀၈ ပေကျင်းအိုလံပစ် အားကစားပြိုင်ပွဲများကို ယနေ့ ဆက်လက်ကျင်းပလျက်ရှိရာ ထွက်ပေါ်လာသောရလဒ်များမှာ-

အမျိုးသမီး သဲသောင်ပြင်ဘော်လီဘော ဗိုလ်လုပွဲ

ရွှေ - ကာရီဝပ်စ်+ မစ်တီမေထရီနာ (အမေရိကန်)
ငွေ - ဝမ်ဂျေး + တိုင်ယမ်ဂျာ (တရုတ်)

အမျိုးသမီး သဲသောင်ပြင်ဘော်လီဘောတွင် ရွှေတံဆိပ်ဆွတ်ခူးခဲ့ကြသော အမေရိကန်မှကာရီဝပ်စ်(ဝဲ)နှင့် မစ်တီးမေထရီနာ(ယာ)တို့နှစ်ဦး ရွှေတံဆိပ်ကိုနမ်း၍ အောင်ပွဲခံနေကြစဉ်။ (အင်တာနက်)

အမျိုးသမီး ပလက်ဖောင်းဒိုင်ဗင် ဗိုလ်လုပွဲ

ရွှေ - ချင်ရိုလင် (တရုတ်) ၄၄၇ ဒသမ ၇၀ မှတ်
ငွေ - အီမီလီဟေမင် (ကနေဒါ) ၄၃၇ ဒသမ ၀၅ မှတ်
ကြေး - ဝမ်စင်း (တရုတ်) ၄၂၉ ဒသမ ၉၀ မှတ်

အမျိုးသမီး ဝါတာပိုလို ဗိုလ်လုပွဲ

ရွှေ - နယ်သာလန်
ငွေ - အမေရိကန်
ကြေး - ဩစတြေးလျ

အမျိုးသမီး ကီလိုမီတာ ၁၀ မာရသွန် ရေကူးဗိုလ်လုပွဲ

ရွှေ - လာရီစာအိုင်ချင်ကို (ရုရှား) ၁နာရီ ၅၉မိနစ် ၂၇. ၇ စက္ကန့်
ငွေ - ကေရီအန်နီပေနီ (ဗြိတိန်) ၁နာရီ ၅၉မိနစ် ၂၉. ၂ စက္ကန့်
ကြေး - ကက်စန္ဒြာပတ်ကန်(ဗြိတိန်) ၁နာရီ ၅၉မိနစ် ၃၁. ၀ စက္ကန့်

အမျိုးသမီးမီတာ ၂၀၀ အပြေးပြိုင်ပွဲ ဗိုလ်လုပွဲ

ရွှေ - ဗီရိုနီကာကင်ဘဲလ်ဘရောင်း(ဂျမေကာ)၂၁ဒသမ ၇၄စက္ကန့်
ငွေ - အယ်လီဆန်ဖီလစ်(အမေရိကန်) ၂၁ဒသမ ၉၃စက္ကန့်
ကြေး - ကာရွန်စတီးဝပ်(ဂျမေကာ) ၂၂ဒသမ ၀၀စက္ကန့်

အမျိုးသမီး ကီလိုမီတာ ၂၀ လမ်းလျှောက်ဗိုလ်လုပွဲ

ရွှေ - အိုလ်ဂါဂေါနစ်စ်ကီနာ (ရုရှား)
၁ နာရီ ၂၆ မိနစ် ၃၁ စက္ကန့်(အိုလံပစ်စံချိန်သစ်)
ငွေ - ဂျာစတီးဂေါ့ပလတ်ဇာ (နော်ဝေ)
၁ နာရီ ၂၇ မိနစ် ၀၇ စက္ကန့်
ကြေး - အီလီဆာရိဂေါ့ဒို (အီတလီ)
၁ နာရီ ၂၇ မိနစ် ၁၂ စက္ကန့်

အမျိုးသမီးဘတ်စကက်ဘော ဆီမီးဖိုင်နယ်

အမေရိကန် ၆၇-၅၂ ရုရှား

အမျိုးသမီးဘောလုံး တတိယလုပွဲ

ဂျာမနီ ၂-၀ ဂျပန်

အမျိုးသမီးဘော်လီဘော ဆီမီးဖိုင်နယ်

အမေရိကန် ၃-၀ ကျူးဘား
ဘရာဇီး ၃-၀ တရုတ်

အမျိုးသမီး တိုက်ကွမ်ဒို ၅၇ ကီလို ဗိုလ်လုပွဲ

ရွှေ - လင်စူးယောင် (တောင်ကိုရီးယား)
ငွေ - အဇီးဇီးတန်ရီကူလူ (တူရကီ)
ကြေး - ဒိုင်ယာနာလိုပက်ဇ် (အမေရိကန်) နှင့်
မာတိနာဇပ်စစ် (ခရိုအေးရှား)

အမျိုးသား တိုက်ကွမ်ဒို ၆၈ ကီလို ဗိုလ်လုပွဲ

ရွှေ - ဆွန်တေးဂျင် (တောင်ကိုရီးယား)
ငွေ - မတ်လိုပက်ဇ် (အမေရိကန်)
ကြေး - ဆာဗက်တီဇီဝွေး (တူရကီ) နှင့်
ဆန်ယုရှို (တရုတ်-တိုင်ပေ)

အမျိုးသား နပန်းအလွတ် ၈၄ ကီလို ဗိုလ်လုပွဲ

ရွှေ - ရီဗာဇီပင်ဒို၌ဗီလီ (ဂျော်ဂျီယာ)
ငွေ - ယူစွတ်အဒူဆာလိုမော့ဗ် (တာဂျီကစ္စတန်)
ကြေး - တာရက်စ်ဒန်ဂို (ယူကရိန်း) နှင့်
ဂျော်ဂျီကီတိုး(ရုရှား)

အမျိုးသား နပန်းအလွတ် ကီလို ၁၂၀ ဗိုလ်လုပွဲ

ရွှေ - အာသာတေမာဇော့ဗ် (ဥဇဘက်ကစ္စတန်)
ငွေ - ဗတ်တိယာအတ်မီဒေါ်ဗ် (ရုရှား)
ကြေး - ဒေးဗစ်မူဆူလ်ဗီးစ် (စလိုဗက်ကီးယား) နှင့်
မရစ်မူတာလီမော့ဗ် (ကာဇက်စတန်)

အမျိုးသား မီတာ ၄၀၀ အပြေးပြိုင်ပွဲ ဗိုလ်လုပွဲ

ရွှေ - လာရှောင်မာရစ် (အမေရိကန်) ၄၃ ဒသမ ၇၅
ငွေ - ဂျယ်ရမီး ဂါရိနာ (အမေရိကန်) ၄၄ ဒသမ ၇၄
ကြေး - ဒေးဗစ် နဗီးလ် (အမေရိကန်) ၄၄ ဒသမ ၈၀

အမျိုးသမီး လှံတံပစ် ဗိုလ်လုပွဲ

ရွှေ - ဗာဖိုဒါစပိုတာကိုဗာ (ချက်) ၇၁ ဒသမ ၄၃ မီတာ
ငွေ - မာရီယာအဘာကူမိုဗာ (ရုရှား) ၇၀ ဒသမ ၇၈ မီတာ
ကြေး - ခရစ်တီးနားအိုဗက်ဖိုလ် (ဂျာမနီ) ၆၆ ဒသမ ၁၃ မီတာ

အမျိုးသား သုံးဆင့်ခုန် ဗိုလ်လုပွဲ

ရွှေ - နယ်လ်ဆန်အိဗိုရာ (ပေါ်တူဂီ) ၁၇ ဒသမ ၆၇ မီတာ
ငွေ - ဖိလစ်အိုင်ဒိုဝူ (ဗြိတိန်) ၁၇ ဒသမ ၆၂ မီတာ
ကြေး - လီဗန်ဆင့် (ဘဟားမား) ၁၇ ဒသမ ၅၉ မီတာ

အမျိုးသား မီတာ ၁၁၀ တန်းကျော်ပြေးပွဲ ဗိုလ်လုပွဲ

ရွှေ - ဒေရွန်ရိုဘဲလ် (ကျူးဘား) ၁၂ ဒသမ ၉၃ စက္ကန့်
ငွေ - ဒေးဗစ်ပေးနီ (အမေရိကန်) ၁၃ ဒသမ ၁၇ စက္ကန့်
ကြေး - ဒေးဗစ်အိုလီဗာ (အမေရိကန်) ၁၃ ဒသမ ၁၈ စက္ကန့်

၂၀၀၈ ခုနှစ် ပေကျင်းအိုလံပစ်အားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှုဇယား

(၂၁-၈-၂၀၀၈)

စဉ်	နိုင်ငံ	ရွှေ	ငွေ	ကြေး	စုစုပေါင်း
၁	တရုတ်	၄၆	၁၅	၂၂	၈၃
၂	အမေရိကန်	၂၈	၃၃	၃၀	၉၁
၃	ဗြိတိန်	၁၇	၁၁	၁၁	၃၉
၄	ရုရှား	၁၆	၁၆	၁၉	၅၁
၅	ဩစတြေးလျ	၁၁	၁၃	၁၄	၃၈
၆	ဂျာမနီ	၁၁	၈	၁၂	၃၁
၇	တောင်ကိုရီးယား	၁၀	၁၀	၆	၂၆
၈	ဂျပန်	၉	၆	၉	၂၄
၉	အီတလီ	၆	၇	၈	၂၁
၁၀	နယ်သာလန်	၆	၅	၄	၁၅

▲ **ကျော့ဖုံးမှ**

ကမ္ဘာ့ရာသီစက်ဝန်း အခြေအနေပေါ်မူတည်၍ တစ်ကမ္ဘာလုံးနှင့်သက်ဆိုင်သော ပျမ်းမျှအပူချိန်သည် အတက်အကျ အပြောင်းအလဲရှိနိုင်သည်။ ဥပမာအားဖြင့် ဆိုပါက ကမ္ဘာ့သဘာဝ ရာသီစက်ဝန်း အပြောင်းအလဲ အပူချိန်အနိမ့်အမြင့်သည် သမုဒ္ဒရာရေစီးကြောင်း ပြောင်းလဲမှုပေါ်တွင်လည်း မူတည်နေသည်။

ကမ္ဘာ့သဘာဝ စက်ဝန်းတွင် အယ်လ်နီညိုအခြေအနေဖြစ်ပေါ်လျှင် ပူနွေးသောဥတုကို ဖြစ်ပေါ်စေပြီး ထိုနောက်ပိုင်းကာလတွင် လာနီညာခေါ် ရာသီမျိုး ဖြစ်ပေါ်လာလေ့ရှိသည်။ ယခုနှစ်တွင် ပျမ်းမျှအားဖြင့် အေးမြနေခြင်းမှာ လာနီညာဥတုသဘာဝကြောင့်ဖြစ်သည်ဟု ကမ္ဘာ့မိုးလေဝသအဖွဲ့မှ အိုမာဘာဒေါက ပြောကြားသည်။

ယခင်ငါးနှစ်ကာလက အပူချိန်နှင့် နှိုင်းစာလျှင် ၂၀၀၈ ခုနှစ် ဇူလိုင်လအထိ ကာလအတွက် ပျမ်းမျှအပူချိန်သည် ပို၍အေးမြနေသည်။ သို့သော် သမိုင်းတစ်လျှောက်ဖြစ်ပေါ်ခဲ့သော အပူချိန်နှင့် နှိုင်းကြည့်လျှင်မူ ၂၀၀၈ခုနှစ် အပူချိန်သည် မြင့်မားနေဆဲဖြစ်သည်ကိုတွေ့ရမည်ဟု ကျွမ်းကျင်သူဘာဒေါက ဆက်လက် ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အကြိုတ်အနယ်ပြိုင်

အမျိုးသားဂျူဒိုပြိုင်ပွဲ ကီလို ၁၀၀ တန်းတွင် ရွှေတံဆိပ်ဆုရှင် ဆာတိုရှီအိုင်ရှီနှင့် ငွေတံဆိပ်ဆုရှင် အဒူလိုတန် ဂရေဗ်တို့ အကြိုတ်အနယ် ယှဉ်ပြိုင်နေကြစဉ်။

(အင်တာနက်)

ပေကျင်းအိုလံပစ် အမျိုးသမီးဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲ အမေရိကန်က ဘရာဇီးကို အချိန်ပိုတွင် အနိုင်ရဗိုလ်စွဲ

ပေကျင်း ဩဂုတ် ၂၁

ကျင်းပလျက်ရှိသော ပေကျင်းအိုလံပစ် အမျိုးသမီးဘောလုံးပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲကို ယနေ့ညတွင်ကျင်းပခဲ့ရာ အမေရိကန်က ဘရာဇီးကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုဖလားကြီးကို ဆွတ်ခူးသွားခဲ့ပြီဖြစ်သည်။ ယနေ့ပွဲတွင် ဘရာဇီးအသင်းမှာ ခြေအသာ၊ ကစားကွက်အသာဖြင့် အမေရိကန်အသင်းဘက်သို့ ဖိကစားနိုင်ခဲ့သော်လည်း အမေရိကန် နောက်တန်း ကောင်းလွန်း၍ ဂိုးမရခဲ့ပေ။မိနစ် ၉၀အတွင်း သရေကျနေ၍ အချိန်ပို ဆက်လက်ကစားခဲ့ရာ အချိန်ပိုပထမပိုင်း ခြောက်မိနစ်တွင် အမေရိကန်၏ တန်ပြန်တိုက်စစ်ကို မထိန်းနိုင်၍ ဘရာဇီးတို့ ဂိုးပေးခဲ့ရသည်။ ဘရာဇီးအသင်းသည် တစ်ဂိုးပေးလိုက်ရသော်လည်း အမေရိကန်ဘက်သို့ ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။ သို့သော် ဂိုးသွင်းနိုင်ခြင်းမရှိသောကြောင့် ပွဲအပြီးတွင် အမေရိကန်က ဘရာဇီးကို ကလီလွိုက် တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုဖလားကြီးကို ဆွတ်ခူးရရှိသွားသည်။

တတိယနေရာလုပွဲတွင် ဂျာမနီက ဂျပန်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး တတိယကြေးတံဆိပ် ရရှိသွားခဲ့သည်။ ***(အင်တာနက်)***

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

❀ **ရွှေ့ဖုံးမှ**

ဘုရားမာစေတီတော်ကြီးသည် ဒွတ္တပေါင်မင်းကြီး၏ ကောင်းမှုတော်ဟု အစဉ်အလာမှတ်သားခဲ့ကြကာ သရေခေတ္တရာမြို့ဟောင်း၏ အရှေ့မြောက်ဘက် ပြည်-ပေါက်ခေါင်း ကားလမ်းဘေး ကုန်းရိုး-တွင်းပြည့် ကျေးရွာနယ်နိမိတ်အတွင်း တည်ရှိသည်။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၁၉၅၈ခုနှစ်မှ ၁၉၇၁ ခုနှစ်အထိ စေတီတော်၏ လုံးပတ်တော်နှင့် ပစ္စယာသုံးဆင့်တို့ကို ပြုပြင်မွမ်းမံခဲ့ပြီး ရှေးဟောင်းသုတေသနဦးစီးဌာနမှ လက်ရှိ ပထမ ပစ္စယာကို ၁၉၉၈ခုနှစ်မှ ၂၀၀၀ပြည့်နှစ်အထိ တာဝန်ယူ ပြုပြင်ထိန်းသိမ်းခဲ့သည်။

၂၀၀၇-၂၀၀၈ ခု ဘဏ္ဍာရေးနှစ် ဘုရားမာစေတီတော်ကြီး၏ အောက်ခြေပစ္စယာ စမ်းသပ်တူးဖော်မှုအဖြစ် ကုန်းအမှတ်(၃၉)ကို တူးဖော်ရာ၌ တွေ့ရှိရသော အုတ်ရိုးတန်းများကို ဆက်စပ်သုတေသနပြုချက်အရ ထိုခေတ် ဗိသုကာပညာရှင်များသည် စေတီပုထိုးများတည်ထားရာ၌ အုံ့မခန်းကြီးကျယ်ခမ်းနားစွာ တည်ဆောက်နိုင်ကြောင်းနှင့် စေတီတော်များ တည်ဆောက်ရာတွင် အဝိုင်းပုံသဏ္ဍာန် တည်ဆောက်လိုပါက အောက်ခြေ၌ လေးထောင့်ပုံသဏ္ဍာန်ခံ၍ ထောင့်ချိုးများဖြင့်ဖွဲ့စည်းသော ပစ္စယာများဆင့်၍ ယင်းအပေါ်တွင်မှ အဝိုင်းပုံသဏ္ဍာန် ထပ်ဆင့်တည်ဆောက်သည်ဟူသော အတွေးအမြင်နှင့် ပညာရပ်များကို ထိုခေတ် ဗိသုကာပညာရှင်များက သိရှိတတ်ကျွမ်းနေကြပြီဖြစ်ကြောင်း သိရှိရသည်။

ကုန်းအမှတ်(၃၉)တူးဖော်ရာမှ အခြယ်အလှယ် ဒီဇိုင်းပါ အိုးခြမ်းကွဲများ၊ အဖြူရောင်စဥ့်ထည် အကွဲစ၊ အုတ်ခွက်ဆင်းတု၊ Kangi စာလုံးပါ အကြွေစေ့၊ အင်္ဂလိပ်ဂျော့ခေါင်းပုံပါ အကြွေစေ့၊ အရိုးအိုး(အကွဲ)နှင့် ဆန်စေ့ခန့် ရွှေကွင်းစငယ်တို့ကို တူးဖော်တွေ့ရှိရသည်။ ကုန်းအမှတ်(၃၉) ဘုရားမာစေတီ အောက်ခြေပစ္စယာ စမ်းသပ်တူးဖော်ခြင်းဖြင့် ပျူခေတ် ဗိသုကာလက်ရာများ၏ အဆင့်အတန်းမြင့်မားမှုကို သိရှိရသည်။

ကုန်းအမှတ်(၄၀)မှာ သရေခေတ္တရာမြို့ဟောင်း၏ အရှေ့တောင်ဘက်မြို့ရိုးမှ ကိုက် ၁၀၀၀ခန့်အကွာ မုဋ္ဌောကျေးရွာအနီး တည်ရှိပြီး တူးဖော်တွေ့ရှိမှုအရ အဆောက်အအုံ၏ အုတ်ရိုးတန်းများ၊ အိုးခြမ်းကွဲများ၊ မြေဆီမီးခွက်များ၊ မြေအရိုးအိုးများ၊ မြေမီးဖုတ်လောက်စာလုံးများ၊ သံမယ်နု(အကျိုး)များ၊ မြေသပိတ်အကွဲနှင့် ပုတီးစေ့များကို တူးဖော်တွေ့ရှိရသည်။

ကုန်းအမှတ်(၄၀)ကို တူးဖော်သုတေသနပြု သုံးသပ်ရာတွင် သရေခေတ္တရာ ပျူတို့သည် လူတို့နေထိုင်ရန်အတွက် အဆောက်အအုံများကို သစ်၊ ဝါးတို့ဖြင့် ဆောက်လုပ်ကြသော်လည်း သာသနိကအဆောက်အအုံများကို အုတ်သစ်တို့ဖြင့် ပေါင်းစပ်လုပ်ကိုင်ခဲ့ကြကြောင်းနှင့် တူးဖော်တွေ့ရှိ ကြွင်းကျန်အဆောက်အအုံသည် ပျူခေတ်တွင် ခံ့ညားထည်ဝါစွာ ဆောက်လုပ်ခဲ့သည့် ဘာသာရေးဆိုင်ရာ အဆောက်အအုံတစ်ခုဖြစ်ကြောင်း သိရှိရသည်။

ကုန်းအမှတ်(၄၁)မှာ သရေခေတ္တရာမြို့ဟောင်းအပြင် တောင်ဘက်ရှိ ကုန်းဟောင်းများစွာမှ ကုန်းတစ်ကုန်းဖြစ်ပြီး တူးဖော်တွေ့ရှိမှုအရ လေးထောင့် အဆောက်အအုံငယ်တစ်ခုနှင့် အုတ်ရိုးတန်းရှည်များ၊ အိုးခြမ်းကွဲများ၊ ကြေးလင်းကွင်း(အပဲ့)၊ အုတ်ကြွပ်အမိုးပြား(အကျိုး)များ၊ သံမယ်နု(အကျိုး)များ၊ မြေအိုး(အကွဲ)များနှင့် အကျိုးအပိုင်း တို့ကိုတူးဖော် တွေ့ရှိရသည်။ ကုန်းအမှတ်(၄၁)ကို တူးဖော်သုတေသနပြုသုံးသပ်ရာတွင် တွေ့ရှိရသော ကြွင်းကျန်အုတ်ရိုးများသည် ပျူခေတ်နှောင်းပိုင်းကာလများတွင် ဆောက်လုပ်ခဲ့သောအဆောက်အအုံများဖြစ်ကြောင်းနှင့် တူးဖော်သုတေသနပြုရာမှ တွေ့ရှိရသည့် အထောက်အထားများအရ ပျူခေတ်ပျက်သုဉ်းပြီး နှောင်းပိုင်း၌လည်း လူနေထိုင်မှုများရှိခဲ့ကြောင်း သိရှိရသည်။

ကုန်းအမှတ်(၄၂) ရဟန္တာတံခါးပေါက်မှာ သရေခေတ္တရာမြို့ဟောင်း၏ တောင်ဘက်၌တည်ရှိပြီး တူးဖော်တွေ့ရှိမှုအရ ဝင်ပေါက်လက်တံနှစ်ဖက်၊ အမှတ်အသားပါအုတ်ချပ်များ၊ လှံသွား၊ အိုးခြမ်းကွဲများ၊ မြေမီးဖုတ်အုတ်ဒိုး(အကွဲ)များနှင့် သံမယ်နု(အကျိုး)များကို တူးဖော်တွေ့ရှိရသည်။

ကုန်းအမှတ်(၄၂) ရဟန္တာတံခါးပေါက် တူးဖော်သုတေသနပြု သုံးသပ်ရာတွင် ရဟန္တာမြို့ဝင်ပေါက်တည်ရှိရာ မြို့ရိုးသည် မြို့ရိုးတစ်ထပ်မျှသာဖြစ်သော်လည်း အနီးဝန်းကျင်၌ ကုန်းမြင့်နှင့် လျှိုများရှုပ်ထွေးစွာ ရှိနေကြခြင်းနှင့် မြို့ရိုးမြို့ဝင်ပေါက်၊ မြို့တံခါးများကို လေ့လာတွေ့မြင်ရခြင်းအရ ရှေးဟောင်း ပျူလူမျိုးများသည် သရေခေတ္တရာမြို့ကြီးကို မည်ကဲ့သို့ အဆင့်အတန်းမြင့်မားစွာ တွေးခေါ်ကြံဆ၍ တည်ဆောက် ကာကွယ်ခဲ့ကြကြောင်းနှင့် သရေခေတ္တရာမြို့၏ ဖွံ့ဖြိုးတိုးတက်ခဲ့မှုသမိုင်းစဉ်တို့ကို လေ့လာသုတေသနပြုနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပေကျင်းအိုလံပစ် အမျိုးသားဘောလုံးပြိုင်ပွဲဗိုလ်လုပွဲ အာဂျင်တီးနားနှင့် နိုင်ဂျီးရီးယားတို့ ဩဂုတ် ၂၃ ရက်တွင် ယှဉ်ပြိုင်ကစားကြမည်

ဝင်းတင်(ကြေးမုံ)

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပလျက်ရှိတဲ့ ၂၀၀၈ နွေရာသီပေကျင်းအိုလံပစ် အမျိုးသားဘောလုံးပြိုင်ပွဲရဲ့ နောက်ဆုံးဗိုလ်လုပွဲကို ဩဂုတ်၂၃ရက်(စနေနေ့)နံနက်၁၀နာရီခွဲတွင် အာဂျင်တီးနားနှင့် နိုင်ဂျီးရီးယားတို့ ယှဉ်ပြိုင်ကစားကြမှာ ဖြစ်ပါတယ်။ အာဂျင်တီးနားဟာ လက်ရှိအိုလံပစ်ချန်ပီယံဖြစ်ပြီး နိုင်ဂျီးရီးယားကတော့ ၁၉၉၆ ခုနှစ်က အိုလံပစ်ချန်ပီယံဆုဖလားရရှိခဲ့ဖူးတဲ့အသင်းဖြစ်ပါတယ်။

အာဂျင်တီးနား။ ။ တောင်အမေရိကတိုက်က အာဂျင်တီးနားဟာ ယခုပြိုင်ပွဲမှာ ချန်ပီယံဖြစ်ရန် ရေပန်းစားခဲ့တဲ့အလျောက် ပွဲစဉ်တစ်လျှောက်လုံးခြေစွမ်းပြပြီး ရှုံးပွဲမရှိတက်လာတဲ့အသင်းပါ။ ရီကွဲလ်မီးဦးဆောင်တဲ့ အာဂျင်တီးနားဟာ တစ်ဦးချင်းဘောလုံးပညာ ပြည့်ဝတဲ့အပြင် အသင်းလိုက် ကစားကွက်ပါ ကောင်းမွန်လှပါတယ်။ အသင်းခေါင်းဆောင် ရီကွဲလ်မီးရဲ့ ဖန်တီးပေးမှုတွေကလည်း တိကျကောင်းမွန်သေသပ်တာကြောင့် ဂိုးရဖို့ အလွန်နီးစပ်ပါတယ်။ အကြိုဗိုလ်လုပွဲမှာ ဘရာဇီးကိုကစားသွားတဲ့ အာဂျင်တီးနားတို့ရဲ့ခြေစွမ်းကရင်သပ်ရှုမောစရာပါပဲ။ မက်ဆီနဲ့အဂူရိုတို့ရဲ့ အလိမ်အခေါက်နဲ့ လျင်မြန်မှုကိုထိန်းနိုင်ဖို့က တစ်ဖက်နောက်တန်းအတွက် အတော်ခက်ခဲပါတယ်။

နိုင်ဂျီးရီးယား။ ။ အာဖရိကတိုက်က နိုင်ဂျီးရီးယားဟာလည်း အာဂျင်တီးနားနည်းတူ ရှုံးပွဲမရှိတက်လာတဲ့အသင်းပါ။ အိုဘင်နာ၊ ဝင်ကီ၊ အင်နီချီဘိနဲ့ အိုဗာဆီတို့ဟာ ကစားအားကောင်းပြီး ဂိုးသွင်းခြေရှိတဲ့သူတွေပါ။ သူတို့ရဲ့ အဝေးကန်ချက်ဟာ အာဂျင်တီးနားကို ဒုက္ခပေးနိုင်တဲ့ အနေအထားပါ။ နိုင်ဂျီးရီးယားဟာ သူတို့ရဲ့ ပုံစံအတိုင်း ခပ်ကြမ်းကြမ်း ခပ်မာမာကစားလာဖို့ရှိပါတယ်။ အဲဒီလိုသာ တုံ့ပြန်လာရင် ပြစ်ဒဏ်တွေများပြီး အနီကတ်တွေထိနိုင်ပါတယ်။

ထပ်ဆင့်ချန်ပီယံဖြစ်နိုင်

ယခုဗိုလ်လုပွဲဟာ ကျွမ်းကျင်မှုနဲ့လျင်မြန်မှု ပေါင်းစပ်ထားတဲ့အသင်းနဲ့ ကြံ့ခိုင်မှု၊ သက်လုံနဲ့ ခွန်အားကို အသုံးပြုပြီး ကစားတတ်တဲ့ နှစ်သင်းတွေ့ဆုံတဲ့ပွဲလို့ဆိုရမှာပါ။ ဒီလိုအနေအထားမှာ ဘောလုံးပညာပြည့်ဝပြီး လျင်မြန်လှတဲ့ အာဂျင်တီးနားတို့သာ အသာရဖို့ရှိပါတယ်။ နိုင်ဂျီးရီးယားဟာ ကစားတာမာကျောတယ် ဆိုပေမယ့် အာဂျင်တီးနားသာ ဘရာဇီးနဲ့ပွဲကခြေမျိုးကိုရခဲ့ရင် မိနစ် ၉၀ အတွင်းမှာ ချန်ပီယံအဖြေပေါ်သွားမှာပါ။ ဒါကြောင့် ဒီဗိုလ်လုပွဲမှာ လက်ရှိချန်ပီယံ အာဂျင်တီးနားတို့ပဲ အိုလံပစ်ချန်ပီယံဆုဖလားကြီးကို ကိုင်မြှောက်ပြီး ထပ်ဆင့်ချန်ပီယံဖြစ်ဖို့က အလေးသာနေပါတော့တယ်။ ။

အယ်လ်ဂျီးရီးယားရှိ ရဲလေ့ကျင့်ရေးကျောင်းအနီး အသေခံပုံးဖောက်ခွဲ ၄၃ ဦးသေဆုံးပြီး ၄၅ ဦး ဒဏ်ရာရရှိ

အယ်ဂျီးယားစ် ဩဂုတ် ၂၁

အသေခံပုံးဖောက်ခွဲသူတစ်ဦးက အယ်လ်ဂျီးရီးယားနိုင်ငံရှိ ရဲတပ်ဖွဲ့ လေ့ကျင့်ရေးကျောင်းအနီးတွင် ဩဂုတ် ၁၉ ရက်က ပုံးဖောက်ခွဲသဖြင့် ၄၃ ဦး သေဆုံးပြီး အခြား ၄၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါပုံးသည် ဘူမာဒက်ပြည်နယ်ရှိ အရပ်ဘက် ပြင်သစ်ရဲသင်တန်း ကျောင်းအား ပစ်မှတ်ထား၍ ဖောက်ခွဲခဲ့ခြင်းဖြစ်ရာ ၄၃ဦး သေဆုံးပြီး၊ ၄၅ ဦး ဒဏ်ရာရရှိသည်ဟု ဖော်ပြပါဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြထားသည်။

သေဆုံးသူများတွင် အရပ်သား ၄၂ ဦးနှင့် ရဲတပ်ဖွဲ့မှ တာဝန်ရှိသူ တစ်ဦးတို့ ပါဝင်ကြပြီး အရပ်သား ၃၂ ဦးနှင့် ပြင်သစ်ရဲတပ်ဖွဲ့ဝင် ၁၃ ဦး ဒဏ်ရာရရှိကြသည်ဟု ကြေညာချက်အရ သိရှိရသည်။

အသေခံပုံးဖောက်ခွဲသူက ဖော်ပြပါသင်တန်းကျောင်း ဝင်ခွင့်ရရှိရန် တန်းစီစောင့်ဆိုင်းနေသည့် လူအုပ်စု အတွင်း မော်တော်ယာဉ်မောင်းနှင်ကာ ဝင်တိုက်ခဲ့ပြီး ပုံးဖောက်ခွဲခဲ့ခြင်းဖြစ်သည်ဟု မျက်မြင်တွေ့ရှိသူတစ်ဦးက ပြောကြားသည်။ ပုံးဖောက်ခွဲမှုကြောင့် အိုးအိမ်များ၏ မျက်နှာစာပိုင်းနှင့် ရဲသင်တန်းကျောင်းအနီးရှိ အဆောက်အအုံ များနှင့် လမ်းအနီးရှိ မော်တော်ယာဉ်များ ပျက်စီးခဲ့ရသည်။

အင်တာနက်။

ဂျပန်နိုင်ငံ အနောက်ပိုင်း ယာအိုအရပ်တွင် ပျက်ကျသွားသော နှစ်ယောက်စီး ဆက်စနာ အမျိုးအစားလေယာဉ်ငယ်တစ်စင်းကို ဩဂုတ် ၁၉ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်နိုင်ငံအနောက်ပိုင်း၌ ပုံးကွဲ၊ ငါးဦးသေဆုံး

ရာမာဒီ(အီရတ်) ဩဂုတ် ၂၁

အီရတ်နိုင်ငံအနောက်ပိုင်းရှိ ရာမာဒီမြို့တွင် အသေခံပုံးခွဲသမားတစ်ဦးက စစ်ဆေးရေးဂိတ်အား ပုံးခွဲတိုက်ခိုက်ရာ ရဲတပ်ဖွဲ့ဝင် ငါးဦးသေဆုံးပြီး၊ ခုနစ်ဦး ဒဏ်ရာရရှိသွားကြောင်း သက်ဆိုင်ရာက ဩဂုတ် ၁၈ ရက်တွင် ပြောကြားသည်။

အဆိုပါမြို့သည် အန်ဘာပြည်နယ်၏ မြို့တော်ဖြစ်သည်။ တစ်ချိန်က အီရတ်နိုင်ငံ၏ အန္တရာယ်အများဆုံးနေရာ ဖြစ်ခဲ့သည်။ သို့ရာတွင် ၂၀၀၆ ခုနှစ်နှင့် ၂၀၀၇ ခုနှစ်များမှစ၍ ဒေသခံပြည်သူများက အယ်လ်ခိုင်ဒါ ဦးဆောင်သော စစ်သွေးကြွများကို တွန်းလှန်ဆန့်ကျင်မှုများ ပြုလုပ်ခဲ့ပြီးနောက် လုံခြုံမှုရှိလာခဲ့သည်။ ထိုမျှသာမက လွန်ခဲ့သောနှစ်တွင် အီရတ်၌ ဘက်ပေါင်းစုံမှ တိုက်ခိုက်မှုများ လျော့ပါးလာနေသည်။ သို့သော် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်အာဏာပိုင်များ၏ အဆိုအရ စစ်သွေးကြွများသည် အမေရိကန်တပ်ဖွဲ့များကို ပစ်မှတ်ထား၍ မကြာခဏဆိုသလို လှည့်ကင်းများ ရှိသည့်နေရာ အနီးတစ်ဝိုက်တွင် အကြီးစားဖောက်ခွဲမှုများ ပြုလုပ်တိုက်ခိုက်နိုင်သည့်အခြေအနေ ရှိနေဆဲဖြစ်ကြောင်း သိရသည်။

အင်တာနက်။

ဖိလစ်ပိုင်၌ သူပုန်များတိုက်ခိုက်မှုကြောင့် ၂၄ ဦးသေဆုံး

မနီလာ ဩဂုတ် ၂၀

ဖိလစ်ပိုင်နိုင်ငံ တောင်ဘက်ရှိ မြို့နှစ်မြို့တွင် ဩဂုတ် ၁၈ ရက်က ရာပေါင်းများစွာသော ပြောက်ကျားများ၏ တိုက်ခိုက်မှုကြောင့် ၂၄ ဦး သေဆုံးသည်။ သူပုန်များသည် အိမ်များကို မီးရှို့ခြင်းနှင့် ဘဏ်များအား တိုက်ခိုက်လုယက်ခြင်းများ ပြုလုပ်သွားကြကြောင်း သိရသည်။

စစ်ဘက်က ဩဂုတ် ၁၈ ရက်တွင် ထိုးစစ်ဆင်တိုက်ခိုက်ရာ သူပုန်များက အရပ်သား ဒါဇင်များစွာကို လူသားဒိုင်းများအဖြစ် အသုံးပြုပြီး လူအချို့ကို ပစ်သတ်ခဲ့ကြောင်း တာဝန်ရှိသူက ပြောကြားသည်။ မိုရိုအစ္စလာမ္မစ်တပ်ဦးလွတ်မြောက်ရေး(အမ်အိုင်အယ်လ်အက်ဖ်)သူပုန်များခိုအောင်းနေရာဒေသသည်နီကယ်၊ ရွှေနှင့် ကြေးနီ အစရှိသော သယံဇာတများ ပေါကြွယ်ရာဒေသဖြစ်သည်။ ထိုသူပုန်အဖွဲ့များ ခိုအောင်းနေသည့် မင်ဒါနာအိုဒေသမှ မငြိမ်မသက်မှုများကို ရှင်းလင်းဖယ်ရှားရန် အစိုးရတပ်ဖွဲ့များက သန္နိဋ္ဌာန်ချထားကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ။

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်း တိုက်ပွဲများ ဖြစ်ပွားရာသို့ စစ်ကူသွားရောက်နေသည့်တပ်ဖွဲ့ဝင်များ၏မော်တော်ယာဉ်တန်းကို လီဂန်မြို့တွင် ဩဂုတ် ၁၉ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မက္ကဆီကို၌ မူးယစ်ဆေးဝါးဂိုဏ်းက ပစ်ခတ် မိသားစုဝင် ၁၃ ဦး သေဆုံး

ကျူဒတ်ဂျာရတ်ဇ်(မက္ကဆီကို) ဩဂုတ် ၂၁

မက္ကဆီကိုနိုင်ငံ မြောက်ပိုင်းရှိ ခရီးသွားမြို့၌ မိသားစုတစ်စုအား မူးယစ်ဆေးဝါးဂိုဏ်းက သေနတ်ဖြင့်ပစ်ခတ်မှုကြောင့် ကလေးတစ်ဦးအပါအဝင် ၁၃ ဦး သေဆုံးသွားကြောင်း သိရသည်။ အမေရိကန်နယ်စပ်အနီး ချီဟွာဟွာ ပြည်နယ် ကရီးလ်ဒေသတွင် ဩဂုတ် ၁၆ရက်က မျက်နှာတွင် မျက်နှာဖုံး စည်းထားသော သေနတ်သမားများက လုပ်ကြံခြင်းဖြစ်သည်။

အဆိုပါပစ်ခတ်မှုသည် မူးယစ်ဂိုဏ်းများ၏ လက်ချက်ဖြစ်ကြောင်း သိရသည်။ ကရီးလ်ဒေသသို့ အစိုးရက စစ်ဘက်နှင့်ရဲတပ်ဖွဲ့ဝင် ၁၆၀ ကို စေလွှတ်ခဲ့သည်။

ကရီးလ်ဒေသ အစွန်ပိုင်းနှင့် ဆီးနှင်းထူထပ်သော ဆီရာတီရာဟူမာရာ တောင်များသည် အမေရိကန်နိုင်ငံနှင့် မက္ကဆီကိုနိုင်ငံ နယ်စပ်သို့သွားရာ မူးယစ်ဆေးဝါး မှောင်ခိုများ၏ အဓိကလမ်းကြောင်းတစ်ခု ဖြစ်လျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ။

အီဂျစ်အထက်လွှတ်တော်တွင် မီးလောင်မှုဖြစ်ပွား၊ ၁၃ ဦး ဒဏ်ရာရရှိ

ကိုင်ရို ဩဂုတ် ၂၁

အီဂျစ်နိုင်ငံရှိ အထက်လွှတ်တော် အဆောက်အအုံတွင် ဩဂုတ် ၁၉ရက် မွန်းလွဲပိုင်းက မီးလောင်ကျွမ်းသဖြင့် လူ ၁၃ ဦးထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း အီဂျစ်ကျန်းမာရေးဌာန၏ ပြောရေး ဆိုခွင့်ရှိသူက ဩဂုတ် ၁၉ ရက်တွင် အတည်ပြု ပြောကြားသည်။ လူ ၁၃ ဦးသည်မီးလောင်ရာမှ ပေါ်ထွက်သည့် မီးခိုးများ ရှူရှိုက်မိသဖြင့် ဝေဒနာခံစားရသည်ဟု မီနာသတင်းဌာနက ဖော်ပြသည်။ လူလေးဦး ဆေးရုံမှ ဆင်းခဲ့ပြီး အခြားလူများ ဆေးရုံတွင်ဆေးဝါးဆက်လက်ကုသမှု ခံယူနေသည်ဟု ပြောရေးဆိုခွင့်ရှိသူ ရှာဟင်က ပြောကြားသည်။

ဤဖြစ်ပွားရာသို့ လူနာတင်ယာဉ် ၁၃ စီး စေလွှတ်ခဲ့သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

မီးငြိမ်းသတ်

ကိုင်ရိုမြို့ မြို့လယ်ရှိ အီဂျစ်လွှတ်တော် အဆောက်အအုံ မီးအကြီးအကျယ် လောင်ကျွမ်းရာသို့ မီးငြိမ်းသတ်ရန် မီးသတ်ကားများနှင့် လူနာတင်ယာဉ်များ လျင်မြန်စွာ ရောက်ရှိလာသည်။

စေလွှတ်

အီဂျစ်စစ်ဘက်ကလည်း မီးငြိမ်းသတ်ရန် မီးသတ်ရဟတ်ယာဉ်များကို စေလွှတ်ခဲ့သည်။ ထိုမီးကြောင့် လွှတ်တော်အဆောက်အအုံ၏ တတိယထပ် ပျက်စီးခဲ့သည်။

အင်တာနက်။

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ရှိ အထက်လွှတ်တော်အဆောက်အအုံ မီးလောင်နေသည်ကို ဩဂုတ် ၁၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အိန္ဒိယတွင် စိုက်ပျိုးသီးနှံ ၅၀ရာခိုင်နှုန်း ကြွက်များ ဖျက်ဆီး ကြွက်အန္တရာယ် ကာကွယ်ရေး ကြွက်သားစားရန် တိုက်တွန်း

ပတ္တနာ (အိန္ဒိယ) ဩဂုတ် ၂၁

အိန္ဒိယနိုင်ငံ အရှေ့ပိုင်းတွင် စားသောက်ကုန်များ ဈေးနှုန်းမြင့်တက်လာမှုကို ဖြေရှင်းရန်အတွက် ကြွက်သားကို စားသုံးရန် ပြည်နယ်အစိုးရက ပြည်သူလူထုအား တိုက်တွန်းပြောကြားသည်။ ထိုသို့ကြွက်များကို စားသုံးပါက အသီးအနှံများကိုဖျက်ဆီးသော ကြွက်များ၏အန္တရာယ်ကို ကာကွယ်နိုင်ပြီး အသီးအနှံများအား ပိုမိုသိုလှောင်လာနိုင်မည်ဖြစ်ကြောင်းလည်း ပြောကြားသည်။

အိန္ဒိယနိုင်ငံအတွင်း ချမ်းသာဆင်းရဲမရွေး ပြည်သူအားလုံးက ဆန်စားသုံးမှုကို လျှော့ချပြီး ကြွက်သားကို စားသုံးကြရန် ဘီဟာပြည်နယ် အာဏာပိုင်များက တိုက်တွန်းပြောကြားသည်။ ထို့ပြင် စားသောက်ဆိုင်များ၏ အစားအသောက်စာရင်းတွင်လည်း ကြွက်သားဟင်းလျာကို ထည့်သွင်းရန် ပြောကြားသွားကြောင်း သိရသည်။

အကယ်၍ ကြွက်သားကိုစားသုံးပါက အသီးအနှံများကို ဖျက်ဆီးသော ကြွက်များ၏ အန္တရာယ်ကို ကာကွယ်နိုင်ပြီး အသီးအနှံများကို ပိုမိုသိုလှောင်လာနိုင်သည့်အပြင် အစားအသောက်များ ဈေးနှုန်းမြင့်တက်မှုကိုလည်း ထိန်းသိမ်းနိုင်မည် ဆိုသည့် အချက်နှစ်ချက်ကို ဆောင်ရွက်သွားနိုင်မည်ဟု ပြည်နယ်လူမှုဖူလုံရေးဌာနမှ အရာရှိ ဗီဂျေးပရာခတ်ချ်က ပြောကြားသည်။

ထို့ပြင် အိန္ဒိယနိုင်ငံတွင် စိုက်ပျိုးသီးနှံများ၏ ၅၀ ရာခိုင်နှုန်းသည် လယ်မြေများ၌ရှိသော ကြွက်များနှင့် ဂိုဒေါင်များရှိ ကြွက်များ၏ စားသုံးဖျက်ဆီးခြင်းကို ခံရသည်ဟု ၎င်းအရာရှိများက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဆော်ပေါ်လို ပြတိုက်မှ အခိုးခံရသော ပီကာဆို၏ ပန်းချီကား ရဲက ရှာဖွေတွေ့ရှိ

ရီယိုဒီဂျနေးရိုး ဩဂုတ် ၂၁

စပိန်နိုင်ငံမှ နာမည်ကျော် ပန်းချီဆရာကြီး ပါဘလိုပီကာဆို ရေးဆွဲခဲ့သော "အရက်သမားနှင့် မိန်းမများ" အမည်ရှိ ပန်းချီကားကြီးသည်အက်စ်တာကာအိုပန်နာကိုတီကာ ပြတိုက်မှ အခိုးခံခဲ့ရရာမှ ဩဂုတ် ၁၈ ရက်တွင် ဘရာဇီးရဲတပ်ဖွဲ့က ပြန်လည် ရှာဖွေတွေ့ရှိပြီဖြစ်ကြောင်း ကြေညာလိုက်သည်။

ယင်းပန်းချီကားသည် ဇွန် ၁၂ရက်က ပျောက်ဆုံးခဲ့ပြီး အခိုးခံရသော ပန်းချီကားလေးကားအနက် နောက်ဆုံး ပန်းချီကားဖြစ်သည်။ အဆိုပါ နာမည်ကျော် ပန်းချီကားကြီးကို ဘရာဇီးရဲတပ်ဖွဲ့ကစစ်ဆင်ရေးတစ်ရပ် အနေဖြင့် ရှာဖွေခဲ့ကြရာ ဩဂုတ် ၁၅ ရက်တွင် ပြန်လည် သိမ်းဆည်းနိုင်ခဲ့ခြင်းဖြစ်သည်။ ***အင်တာနက်။***



ပေကျင်းအိုလံပစ်ပြိုင်ပွဲအမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် တရုတ်မှ ကျောစူးဟုန်၏ ရိုက်ချက်ကို ဘရာဇီးက ပိတ်ဆို့ကာကွယ်နေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘောဒီးယားတွင် အိပ်ချ်အိုင်ဗွီ/အိဒ်စ် ရောဂါကူးစက်မှုနှုန်း ကျဆင်းလျက်ရှိ

ဖနွမ်းပင် ဩဂုတ် ၂၁

ကမ္ဘောဒီးယားနိုင်ငံမှ အိပ်ချ်-အိုင်ဗွီ/အိဒ်စ်ရောဂါဖြစ်ပွားသူ ဦးရေသည် ၁၉၉၀ ပြည့်နှစ်က ရှိခဲ့သည့် မြင့်မားသောနှုန်းမှ ကျဆင်းခဲ့ရာ မဝေးတော့သည့် အနာဂတ်အတွင်း ယင်းရောဂါပြန့်ပွားမှု ဆက်လက်ကျဆင်းနိုင်ဖွယ်ရှိသည်ဟု ကျွမ်းကျင်သူများက မျှော်လင့်ထားကြကြောင်း ဒေသခံ မီဒီယာက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ဖော်ပြပါ သတင်းသည် သတင်းကောင်း ဖြစ်ကြောင်း အိပ်ချ်အိုင်ဗွီ/အိဒ်စ်ဌာနဆိုင်ရာ ညွှန်ကြားရေးမှူး ချဟီဘွန်းကို ကိုးကား၍ ကမ္ဘောဒီယားသတင်းစာက ရေးသားသည်။

အစီအစဉ် မန်နေဂျာတစ်ဦး အနေဖြင့် ဖော်ပြပါ သတင်းကြားရသဖြင့် ဝမ်းသာပါကြောင်း၊ အဘယ့်ကြောင့်ဆိုသော် မိမိတို့က ကာကွယ်ရေး ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုနှင့် ကုသမှုတို့ကြောင့် ယင်းရောဂါပြန့်ပွားမှုအပေါ် ထိန်းချုပ်ကာ အောင်မြင်စွာ ကျဆင်းရန် ကြိုးပမ်းနိုင်ခဲ့ကြ၍ဖြစ်ကြောင်း ၎င်းက ထပ်လောင်း ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံရှိ ၂၂ပြည်နယ်နှင့် မြူနီစီပယ်ဒေသများတွင် အမျိုးသမီးများ၏ ၁၄ ရာခိုင်နှုန်းသည် အိပ်ချ်အိုင်ဗွီ/အိဒ်စ် ရောဂါရရှိခဲ့ပြီး ယခုနှစ်တွင် ၀ ဒသမ ၁ ရာခိုင်နှုန်းသာ ယင်းရောဂါရရှိခဲ့သည်။

ယင်းသို့ကျဆင်းလာခြင်းသည်ကျန်းမာရေးအသိကြွယ်ဝလာပြီး ဆေးကုသမှုနှုန်း မြင့်မားလာခြင်းကြောင့် ဖြစ်သည်ဟုသိရသည်။ ***အင်တာနက်။***

ပင်လယ်ပြင် အကြမ်းဖက်တိုက်ဖျက်ရေးအတွက် အရှေ့တောင်အာရှနိုင်ငံများ ပူးပေါင်းစစ်ရေးလေ့ကျင့်

စင်ကာပူ ဩဂုတ် ၂၁

အရှေ့တောင်အာရှ ခြောက်နိုင်ငံမှ ရေတပ်များသည် အမေရိကန်ရေတပ်နှင့်အတူ ပင်လယ်ပြင်အကြမ်းဖက်မှု တိုက်ဖျက်ရေး လေ့ကျင့်မှုကို ပြုလုပ်လျက်ရှိကြောင်း စင်ကာပူကာကွယ်ရေးဝန်ကြီးဌာနက ဩဂုတ် ၁၉ ရက်တွင် ပြောကြားသည်။

ပထမဆုံး

အကြမ်းဖက်မှု တိုက်ဖျက်ရေး အရှေ့တောင်အာရှ နိုင်ငံများအဖွဲ့ (ဆီးကတ်)သည် ထိုစစ်ရေးလေ့ကျင့်မှုမျိုးကို ၂၀၀၂ ခုနှစ်တွင် ပထမဆုံး အကြိမ်ပြုလုပ်ခဲ့သည်။ ယခု စစ်ရေးလေ့ကျင့်မှုကို စင်ကာပူ၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဘရူနိုင်း၊ ထိုင်းနှင့် ဖိလစ်ပိုင်နိုင်ငံတို့နှင့် အတူ လွန်ခဲ့သော သောကြာနေ့မှ စတင်ခဲ့ရာ ကြာသပတေးနေ့တွင် ပြီးဆုံးမည်ဖြစ်သည်။

ဩဂုတ် ၁၈ရက်မှ၂၀ရက်အထိ ပြုလုပ်ခဲ့သောစင်ကာပူနိုင်ငံ၏စစ်ရေးလေ့ကျင့်မှုတွင် ရေတပ်၊ ကမ်းခြေစောင့်ရဲတပ်ဖွဲ့၊ ပင်လယ်ရေကြောင်းသွားလာရေးနှင့် ဆိပ်ကမ်း အာဏာပိုင်အဖွဲ့၊ လူဝင်မှု ကြီးကြပ်ရေးနှင့် စစ်ဆေးရေးအာဏာပိုင်များ ပါဝင်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ရုရှား-နေတိုးကောင်စီ၏ အနာဂတ်အရေး နေတိုးအပေါ်မူတည်ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီးပြောကြား

မော်စကို ဩဂုတ် ၂၁

ရုရှားနှင့် နေတိုးဆက်ဆံရေး၊ ရုရှား-နေတိုးကောင်စီ၏ အနာဂတ်အရေးတို့သည် နေတိုး၏ ဂျော်ဂျီယာအပေါ် ဘက်လိုက်သည့် သဘောထားအပေါ် မူတည်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗရော့ဗ်က ဩဂုတ်၁၉ ရက်တွင် ပြောကြားသည်။ ရုရှား-နေတိုးကောင်စီသည် ဂျော်ဂျီယာနိုင်ငံ အပေါ် မည်သို့မည်ပုံ ဆက်ဆံရမည်ကို ရုရှားနိုင်ငံအား သင်ကြားပေးရန် တည်ထောင်ထားခြင်း မဟုတ်ပေ။ သို့သော် ထိုအဖွဲ့ကို ဥရောပနှင့်အတ္တလန္တိတ်ဒေသအတွင်း လုံခြုံရေး စိတ်ချရရေးအတွက် စီမံဆောင်ရွက်နိုင်ရန် ဖွဲ့စည်း ခြင်းဖြစ်သည်ဟု လက်ဗရော့ဗ်က ပြောကြားသည်။ ရုရှား-နေတိုးကောင်စီသည် မူလအခြေအနေကို ထိန်းသိမ်းထားရန် အရေးကြီးကြောင်း၊ ထို့အပြင်ယင်းကောင်စီ၏အနာဂတ်သည် မိမိတို့၏ မိတ်ဖက်နေတိုးအဖွဲ့ပေါ်တွင် မူတည်ကြောင်း ၎င်း၏ပြောကြားချက်ကို အီတာတက်စ်သတင်းဌာနက ကိုးကားဖော်ပြသည်။ ***အင်တာနက်။***

အီဂျစ်၌ ယာဉ်တိုက်မှုဖြစ် ၁၀ ဦးထက်မနည်း သေဆုံး

ကိုင်ရို ဩဂုတ် ၂၁

အီဂျစ်နိုင်ငံမြောက်ပိုင်းတွင်ဖြစ်ပွားသောယာဉ်တိုက်မှုကြောင့် အသက်သုံးနှစ်အရွယ်ယောကျ်ားကလေးတစ်ဦး အပါအဝင် ၁၀ ဦး သေဆုံးပြီး ၁၁ ဦး ဒဏ်ရာရရှိကြောင်း မီနာ သတင်းဌာနက ဩဂုတ် ၁၇ ရက်တွင် ဖော်ပြသည်။

ကိုင်ရိုမြို့မြောက်ပိုင်း ဗင်ဟာမြို့အနီး၌ မီနီဘတ်စ်တစ်စင်းသည် သံမဏိချောင်းများသယ်ဆောင်လာသည့် ကုန်တင်ကားနောက်ပိုင်းကို ဝင်ရောက်တိုက်မိသည်။ အဆိုပါ ယာဉ်မတော်တဆမှုကြောင့် ပွဲချင်းပြီး ၁၀ ဦး သေဆုံးကာ ၁၁ဦး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ကြောင်း၊ ၎င်းတို့ကိုနီးစပ်ရာ ဆေးရုံသို့တင်ပို့ထားကြောင်း သတင်း၌ ဖော်ပြထားသည်။ အီဂျစ်နိုင်ငံ၌ ယာဉ်တိုက်မှုများသည် အဖြစ်များသော မှုခင်းဖြစ်သည်။

ထိုနိုင်ငံတွင် နှစ်စဉ် ယာဉ်တိုက်မှုကြောင့်ခန့်မှန်းခြေအားဖြင့် ၆၀၀၀ ခန့်သေဆုံးရသည် ဟုဆိုသည်။မြေထဲပင်လယ်ကမ်းခြေအနီး မာဆာမာထရူမြို့တွင် ဇူလိုင် ၁၆ ရက်က ရထားနှင့်ကား တိုက်မိရာ အနည်းဆုံး ၄၄ဦး သေဆုံးပြီး ၃၅ ဦးဒဏ်ရာရရှိခဲ့ရသည်။ ***အင်တာနက်။***

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့တွင် နီပေါဓာတ်ပုံသတင်းသမားများက ကမ္ဘာ့ဓာတ်ပုံနေ့ ကျင်းပနေကြသည်ကို ဩဂုတ် ၁၉ ရက်တွင် တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံ အရှေ့ပိုင်း ဇီကျန်ပြည်နယ် နင်ဘိုဒေသရှိ ဆီနိုပက် ရေနံဓာတုဗေဒကုမ္ပဏီ၏ ရေနံစက်ရုံလုပ်ငန်းခွင်ကို ဩဂုတ် ၂၀ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အမျိုးသမီး ၉၆ဦးအား ရုပ်ပျက်ဆင်းပျက်ဖြစ်စေမှုဖြင့် ခွဲစိတ်ဆရာဝန်အား ဖမ်းဆီး

မဒရစ် ဩဂုတ် ၂၀

စပိန်ရဲတပ်ဖွဲ့က ပြင်သစ်မျက်နှာအလှပြုပြင်ခွဲစိတ်ဆရာဝန် မိုက်ကယ် မောရေးကို အင်္ဂါနေ့က ဖမ်းဆီးခဲ့သည်။ ၎င်းသည်ပြင်သစ်နိုင်ငံမှအမျိုးသမီး ၉၆ဦး၏ အသက်အန္တရာယ်ကို ထိခိုက်စေခဲ့ပြီး မျက်နှာအလှ ပျက်ယွင်းအောင်လုပ်ခဲ့မှုဖြင့်အစွပ်စွဲခံရပြီးနောက် အဖမ်းမခံရဘဲ လွတ်မြောက်နေခဲ့ကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အသက် ၅၉ နှစ်ရှိ မောရေးကို စပိန်နိုင်ငံ ဂျီရိုနာပြည်နယ်ရှိ အမ်ပူရီယာဘရာဘာဒေသတွင်ထိန်းသိမ်းထားသည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

၎င်းကို ဂျီရိုနာရှိ ရဲဌာနသို့ ပို့ဆောင်ထားပြီး ပြင်သစ်နိုင်ငံသို့ လွှဲပြောင်းပေးရန် စောင့်ဆိုင်းလျက်ရှိသည်။ ကမ္ဘာ့တစ်ဝန်းတွင် မျက်နှာအလှ ပြုပြင်ခွဲစိတ်ကုသရာတွင် အကောင်းဆုံး ဆရာဝန်အဖြစ် ၎င်းက ကြေညာခဲ့သည်။ ၎င်းအား လိမ်လည်ကြော်ငြာမှု၊ လိမ်လည်မှုနှင့် ၎င်းထံလာရောက် ကုသမှု ခံယူသူ အမျိုးသမီး ၉၆ ဦးအား ရုပ်ပျက်ဆင်းပျက် ဖြစ်စေမှုစသည့် စွဲချက်များဖြင့် ပြင်သစ်တွင် ၂၀၀၄ ခုနှစ်က အဖမ်းခံခဲ့ရသည်။ ၎င်းအား အာမခံဖြင့်ထားစဉ် တိမ်းရှောင်သွားခြင်း ဖြစ်သည်။ ***အင်တာနက်။***

နီပေါနိုင်ငံတွင် မြစ်ရေလျှံသဖြင့် ပြည်သူ ၄၀၀၀၀ တို့ အိုးအိမ်ပစ်ပြေးရ

ခတ္တမန္ဒူ ဩဂုတ် ၂၁

နီပေါနိုင်ငံတောင်ပိုင်းတွင် ဆပ်တာကိုရှီမြစ်၏ တာများကျိုးပေါက်သဖြင့် ရေကြီးမှုများဖြစ်ပွားရာ ဩဂုတ် ၁၉ ရက်အထိ ပြည်သူ ၄၀၀၀၀ကျော်တို့မှာ နေအိမ်များကို စွန့်ခွာ၍ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေ ကြရဆဲဖြစ်သည်။

ဆပ်တာကိုရှီမြစ်သည် ဟိမဝန္တာတောင်တွင် မြစ်ဖျားခံကာ နီပေါနိုင်ငံကို ဖြတ်သန်း၍ အိန္ဒိယနိုင်ငံတွင်းသို့ စီးဝင်သွားသောမြစ်ဖြစ်သည်။ နီပေါနိုင်ငံ၏ အရှေ့တောင်ပိုင်း ခတ္တမန္ဒူမြို့မှ ကီလိုမီတာ ၂၂၀ အကွာ ဆွန်ဘာရီခရိုင်တွင် မြစ်၏တာရိုးကျိုးပေါက်သွားခြင်းဖြစ်သည်။ ရေကြီးနိုင်သဖြင့် ပြည်သူများ အနေဖြင့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းကြရန် ဒေသအာဏာပိုင်များက သတိပေးချက်များ ထုတ်ပြန်ခဲ့သည်။ ရေစီးတွင် မျောပါသွားသူများအနက် အနည်းဆုံး သုံးဦး အသက်ဆုံးရှုံးရသည်ဟု ဆိုသည်။ ***အမ်အင်အေ၊ရိုက်တာ။***

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

☆ **မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်**

☆ **BBC ညာနေသည်**

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ **အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား**

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစားပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း- ၀၆၇ ၄၀၄၀၂၂ နှင့်

ဒုတိယရုံးအဖွဲ့မှူး ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။

ဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကြည်၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဦးသောင်းညွန့်တို့နှင့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်တို့ တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၁

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေး ပုဂ္ဂိုလ် Mr. Ibrahim Agboola Gambari သည် ယနေ့နံနက် ၁၀ နာရီတွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် အဖွဲ့ဝင် ဦးသောင်းညွန့်နှင့် အဖွဲ့ဝင်များအားလည်းကောင်း၊ နံနက် ၁၁ နာရီတွင် ဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကြည်အား လည်းကောင်း ရန်ကုန်မြို့ရှိ စိမ်းလဲ့ကန်သာဧည့်ရိပ်သာ၌ တွေ့ဆုံ သည်။

ညပိုင်းတွင် မြရိပ်ညိုရှိုင်ရယ်ဟိုတယ်၌ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဦးသောင်းညွန့်က Mr. Gambari အား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

ဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကြည်အား ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Ibrahim Agboola Gambari ရန်ကုန်မြို့ရှိ စိမ်းလဲ့ကန်သာဧည့်ရိပ်သာ၌ တွေ့ဆုံစဉ်။ (သတင်းစဉ်)

၂၀၀၈ခုနှစ် ပထမခြောက်လ ပျမ်းမျှအပူချိန် ယခင်ငါးနှစ်ထက် ပို၍အေးမြနေဟုဆို

လန်ဒန် ဩဂုတ် ၂၁

ပြီးခဲ့သော ငါးနှစ်အတွင်းဖြစ်ပေါ်ခဲ့သော ပျမ်းမျှအပူချိန်သည် ၂၀၀၈ခုနှစ် ပထမခြောက်လကာလတွင်ဖြစ်ပေါ်သည့် ပျမ်းမျှအပူချိန်အောက်နိမ့်ကျနေသည်ကို တွေ့ရကြောင်း ကမ္ဘာ့မိုးလေဝသအဖွဲ့(ဒဗလျူအမ်အို)က ဩဂုတ် ၂၀ ရက်တွင် ကြေညာသည်။

သမိုင်းကြောင်းမှတ်တမ်းအရ နှိုင်းယှဉ်လေ့လာပါက ၂၀၀၈ ခုနှစ်၏ တစ်နှစ်တာပတ်လုံး ပျမ်းမျှအပူချိန်သည် အမြင့်ပိုင်းတွင် ရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။ သို့သော် ၂၀၀၇ခုနှစ်၏ ပျမ်းမျှအပူချိန်နှင့် ယှဉ်၍လေ့လာပါမူ ၂၀၀၈ခုနှစ်အတွက် အပူချိန်သည် နိမ့်နေမည်ဟု ဆိုသည်။

စာမျက်နှာ ၉ ကော်လံ ၇ သို့ ▲